ပိအမ်2020-85

ကိုရီးယားစာ

미얀마어

၂၀၂၀ ခုနှစ် ကျောင်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အကြောင်း လမ်းညွှန်
ပေါင်းစပ် ယဉ်ကျေးမှု မိသားစုမှ မိဘများအတွက်

# သင့်ကလေးကို ကျောင်းတက်ရန် စာရင်းသွင်းခြင်း

교육부 국가평생교육진흥원 중앙다문화교육센터 ပြည်နယ် ၁၇ခုရှိ ပညာရေးရုံးများ

# မာတိကာ

## I . ကျောင်းလျှောက်ထားခြင်း လမ်းညွှန်


၁။. မူကြိုကျောင်း လျှောက်ထားခြင်း လမ်းညွှန် 07

၂။. မူလတန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန် 11

၃။. အလယ်တန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန် 12

၄။. အထက်တန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန 14


## II . ကျောင်းဝင်ခွင့် နှင့် ကျောင်းပြောင်းခြင်း လမ်းညွှန်

: နိုင်ငံခြားတွင် နေထိုင်ခဲ့ပြီး ကိုရီးယားသို့ ပြန်လည်ဝင်ရောက်လာသူ သို့မဟုတ် နိုင်ငံခြားသား ကျောင်းသားများအတွက်


၁။. ကျောင်းဝင်ခွင့် နှင့် ကျောင်းပြောင်းခြင်း လမ်းညွှန် 19

၂။. ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများ၏ ပညာရေး အဆင့်အတန်းကို သတ်မှတ်ရန် ဆန်းစစ်ခြင်း 22


## III. ပညာရေးဆိုင်ရာ အထောက်အပံ့ စနစ်များ


၁။. ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ 24

၂။. ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် ပညာရေးဆိုင်ရာ အထောက်အပံ့များ 27

၃။. အတန်း အထောက်အပံ့ 28

၄။. ကျောင်းတက်ရာတွင် အထောက်အပံ့ 29


## [နောက်ဆက်တွဲ]


၁။. "ကိုရီးယား ပညာရေး စနစ်၊ နှင့်လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်အကြောင်း ဗီဒီယိုလမ်းညွှန်" 30

၂။. ကျောင်းတက်ခြင်း နှင့်ဆိုင်သော အသုံးအနှုန်းများ 31

၃။. အေပိုစတီလီ ညီလာခံတွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ 37

ကျောင်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အကြောင်း လမ်းညွှန်
ပေါင်းစပ် ယဉ်ကျေးမှု မိသားစုမှ မိဘများအတွက်

# 『သင့်ကလေးကို ကျောင်းတက်ရန် စာရင်းသွင်းခြင်း』ကို

ကိုဘာသာစကား ၁၂ မျိုးဖြင့်ဘာသာပြန်ထားသည်။

| | |
|---|---|
| 한국어<br>(한국어) | English<br>(영어) |
| Tiếng Việt<br>(베트남어) | 中文<br>(중국어) |
| Tagalog<br>(타갈로그어) | 日本語<br>(일본어) |
| ภาษาไทย<br>(태국어) | Монгол<br>(몽골어) |
| русский<br>(러시아어) | ខ្មែរ<br>(크메르어) |
| မြန်မာ<br>(미얀마어) | Français<br>(프랑스어) |
| عربى<br>(아랍어) | ယဉ်ကျေးမှုပေါင်းစုံ<br>ပညာရေး Portal ဝဘ်ဆိုဒ်<br>(edu4mc.or.kr) |

※ ကျောင်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အကြောင်း လမ်းညွှန် ပေါင်းစပ် ယဉ်ကျေးမှု မိသားစုမှ မိဘများအတွက် 『သင့်ကလေးကို ကျောင်းတက်ရန် စာရင်းသွင်းခြင်း』 PDF ဖိုင်များကိုဝက်ဘ်ဆိုက် (www.edu4mc.or.kr) မှကူးယူနိုင်သည်။

[မမှတ်ချက်]

# ကိုရီးယားနိုင်ငံ၏ ကျောင်းစနစ်

- **ကိုရီးယား ပညာရေးစနစ်တွင် မူကြို၊ မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်း နှင့် တက္ကသိုလ်များ ပါဝင်ပါသည်။**
  - **ပညာသင်ကြားရသည့် ကာလများမှာ မူကြိုအတွက် ၃ နှစ်၊ မူလတန်းကျောင်းအတွက် ၆ နှစ်၊ အလယ်တန်းကျောင်းအတွက် ၃ နှစ် နှင့် အထက်တန်းကျောင်းအတွက် ၃ နှစ်စီ ဖြစ်ပြီး** စာသင်နှစ်တစ်နှစ်အား အပိုင်း နှစ်ပိုင်းခွဲခြားထားပါသည်။ သာမန်အားဖြင့် **ပထမအပိုင်းသည် မတ်လ အစောပိုင်း** တွင်စတင်ပြီး **ဒုတိယအပိုင်း** သည် **ဩဂုတ်လကုန်ပိုင်း သို့မဟုတ် စက်တင်ဘာလ အစောပိုင်း** တွင် စတင်ပါသည်။
  - **ကျောင်းသင်ရိုးညွှန်းတမ်း** အရ **မူကြိုတွင်** လှုပ်ရှားမှုများကို အလေးထားသည့် **ပေါင်းစပ်ကျောင်းသင်ရိုးညွှန်းတမ်းကို** သင်ကြားပေးပြီး **မူကြို ကျောင်း၊ အလယ်တန်းကျောင်း နှင့် အထက်တန်းကျောင်းများတွင် သင်ခန်းစာ နှင့် ဖန်တီးနိုင်စေသော ကိုယ်တိုင်ခံစားရစေသည့် လှုပ်ရှားမှုများ** ဟူ၍ပါရှိသည့် ပညာရေးကို သင်ကြားပေးပါသည်။
  - **မူလတန်းကျောင်း (၆နှစ်) နှင့် အလယ်တန်းကျောင်း (၃ နှစ်) ပညာရေးသည် မသင်မနေရဖြစ်ပြီး အခမဲ့သင်ကြားပေးပါသည်။**

  ※ သို့သော်လည်း ပုဂ္ဂလိက မူလတန်းကျောင်းများ နှင့် အထူးအလယ်တန်းကျောင်းများ (အနုပညာ အလယ်တန်းကျောင်း၊ ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး အလယ်တန်းကျောင်း၊ နှင့် အပြည်ပြည်ဆိုင်ရာ အလယ်တန်းကျောင်းများ)တွင် တက်ရောက်ပါက မိဘများက ကျောင်းလခ ပေးရမည် ဖြစ်ပါသည်။

- **မိဘများ သို့မဟုတ် ကျောင်းသားများ၏ ယာယီနေထိုင်ခွင့် အခြေအနေသည် မည်သို့ပင်ရှိစေကာမူ ကလေးများ နှင့် ဆယ်ကျော်သက်များအားလုံးသည် မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းကို တက်ရောက်ခွင့်ရှိသည်။**
  - နိုင်ငံအနေဖြင့် **ကလေးများ နှင့် ဆယ်ကျော်သက်များ၏ မသင်မနေရ ပညာရေးကို** ကိုရီးယား သမ္မတနိုင်ငံ ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၊ မူလတန်း နှင့် ဒုတိယပိုင်း ပညာရေး အက်ဥပဒေ နှင့် ကုလသမဂ္ဂ ကလေးသူငယ်များ၏ အခွင့်အရေး(United Nations Convention on the Rights of the Child, UNCRC) ဆိုင်ရာ ကလေးသူငယ်နှင့် ဆယ်ကျော်သက်များအတွက် မသင်မနေရပညာရေးစနစ်ဖြင့် မူလတန်းနှင့် အလယ်တန်း ကျောင်းဝင်ခွင့် အတွက် နေထိုင်ခွင့်အဆင့်သတ်မှတ်ချက်များ ခွဲခြားခြင်းမရှိဘဲ ကျောင်းဝင်ခွင့်ရရှိမည်ဖြစ်သည်။
  - အချို့သောမိဘများသည် ၎င်းတို့၏ နေထိုင်ခွင့်အခြေအနေကို သိရှိသွားမှာ စိုးရိမ်သဖြင့် ကလေးများကို ကျောင်းသို့မပို့တတ်ကြပါ။ **ကလေးများ၏ ကျောင်းတက်နိုင်သည့် အခွင့်အရေးကို ကာကွယ်ပေးရန်အတွက် ကိုရီးယားအစိုးရသည် ကလေးများမှတစ်ဆင့် တရားမဝင်နေထိုင်သူများကို စုံစမ်းခြင်းမျိုး မပြုလုပ်ပါ။**

- **ယဉ်ကျေးမှုပေါင်းစုံ အတူယှဉ်တွဲနေထိုင်သော ပတ်ဝန်းကျင်ကိုအတူတကွ ဖန်တီးပြီး ကျောင်းသားများ အားလုံး အတူတကွ လေ့လာသင်ယူနိုင်ရန် အတွက် ထောက်ပံ့ဆောင်ရွက်မည်ဖြစ်သည်။**
  - **ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မှလူတိုင်းအကျိုးရှိစေရန် နှင့် ယဉ်ကျေးမှုပေါင်းစုံမှလာသော ကျောင်းသားများအတွက်သီးခြား အကူအညီများ ပေးနိုင်ရန်အတွက်** အချို့သော မူလတန်းကျောင်း၊ အလယ်တန်းကျောင်း နှင့် အထက်တန်းကျောင်းများကို **ယဉ်ကျေးမှုပေါင်းစုံ မူဝါဒကျောင်းများအဖြစ် သတ်မှတ်ထားပါသည်။**
  - ယဉ်ကျေးမှုပေါင်းစုံ မူဝါဒကျောင်းများထဲမှ ကျောင်းအချို့တွင် ကလေးများ၏ ကျောင်းတက်ချိန်တွင် အဆင်ပြေစေရန် နှင့် အခြေခံ ပညာရေးများ သင်ကြားပေးနိုင်ရန်အတွက် **ကိုရီးယားဘာသာစကား နှင့် ယဉ်ကျေးမှုကို အထူးဘာသာရပ်အနေဖြင့် သင်ကြားပေးသည့် ကိုရီးယားဘာသာစကား သင်တန်းများ**ကို ဖွင့်လှစ်ပေးထားပါသည်။

## ကိုရီးယားနိုင်ငံ၏ ကျောင်းစနစ်

| ကျောင်းစနစ် | | ကာလ | အသက် | အတန်း | မှတ်ချက် |
|---|---|---|---|---|---|
| မူလတန်း-အကြို | မူကြို | ၃ နှစ် | ၃-၅ | ရှိ/မရှိ | - |
| မူလတန်း ပညာရေး | မူလတန်းကျောင်း | ၆ နှစ် | ၆-၁၁ | ရှိ/မရှိ | မသင်မနေရ |
| ဒုတိယပိုင်း ပညာရေး | အလယ်တန်းကျောင်း | ၃ နှစ် | ၁၂-၁၄ | ရှိ/မရှိ | မသင်မနေရ |
| | အထက်တန်းကျောင်း | ၃ နှစ် | ၁၅-၁၇ | ရှိ/မရှိ | - |
| အဆင့်မြင့် ပညာရေး | တက္ကသိုလ် | ၄ နှစ် | ၁၈ သို့မဟုတ် ယင်း ထက်ကြီး | ရှိ | - |
| | ကွန်မြူနီတီ ကောလိပ် | ၂-၃ နှစ် | | | |
| | ဘွဲ့လွန်ကျောင်း | ၂-၅ နှစ် | | | |

# I ကျောင်းလျှောက်ထားခြင်း လမ်းညွှန်

| အသက် | ကျောင်းများ |
|---|---|

## မူကြိုကျောင်း လျှောက်ထားခြင်း (၃-၅)

[မိဘများက ပြင်ဆင်ရန်] လျှောက်လွှာအား ပထမဆုံး-ကျောင်းသွားမယ် ဝက်ဘ်ဆိုက်ဒ် (www.go-firstschool.go.kr)[1] မှတစ်ဆင့် တင်ပါ။

| အချိန် | လုပ်ဆောင်ရန် |
|---|---|
| အောက်တိုဘာလ - ဒီဇင်ဘာလ နား (မူကြိုးကျောင်းပေါ်မူတည်ပြီး ကွဲပြားနိုင်ပါသည်) | • ပထမဆုံး-ကျောင်းသွားမယ် (www.go-firstschool.go.kr) ကို ဝင်ရောက်ပြီး အဖွဲ့ဝင်ဖြစ်အောင် ဝင်ရောက်ပါ။<br>• မူကြိုကျောင်း တစ်ခုချင်းစီ၏ လျှောက်ထားခြင်း လမ်းညွှန်များကို ဖတ်ပါ။<br>※ သက်ဆိုင်ရာ မူကြိုကျောင်း၏ လျှောက်ထားခြင်း လမ်းညွှန်များကို လေ့လာပြီး ယဉ်ကျေးမှုပေါင်းစုံ မှ ကလေးများအတွက် ဦးစားပေး ဝင်ခွင့်များ ရှိမရှိကို ရှာဖွေပါ<br>• လျှောက်လွှာကို တင်ထားပြီး ဖိုင်တွဲရန် ပြေစာ (ပုံနှိပ်ရန်အတွက် ရနိုင်သော)ကို ရယူပါ။<br>• ကံစမ်းမဲရလဒ်ကို စစ်ဆေးပြီး သင့်ကလေးကို မှတ်ပုံတင်ပါ<br>• မိတ်ဆက်ပွဲ၊ အကြိုဝင်ခွင့်ပွဲ စသည်တို့ကို တက်ရောက်ပါ |
| နောင်လာမည့်နှစ် ၏ ဇန်နဝါရီလ - ဖေဖော်ဝါရီလ | • အခြားကျောင်းလျှောက်ထားခြင်းများအတွက် မှတ်ပုံတင်ပြီး ရလဒ်များကို စစ်ဆေးပါ<br>• မူကြိုကျောင်းအတွက် မှတ်ပုံတင်ပါ<br>• မိတ်ဆက်ပွဲ၊ အကြိုခေါ်ယူတွေ့ဆုံခြင်းများကို တက်ရောက်ပါ |
| မတ်လ အစောပိုင်း | • ကျောင်းစတက်သည့် အခမ်းအနား |

## မသင်မနေရ ပညာရေး(အခမဲ့ ပညာရေး)

### မူလတန်းကျောင်း လျှောက်ထားခြင်း (၆-၁၁)

[မိဘများက ပြင်ဆင်ရန်] ကျောင်းဝင်ခွင့်အတွက် ကျောင်းတက်ရောက်ရန် အကြောင်းကြားစာ ပြေစာ နှင့် ကိုယ်ပိုင်ပြင်ဆင်ခြင်းများ

| အချိန် | လုပ်ဆောင်ရန် |
|---|---|
| ဝင်ခွင့်ရက်စွဲကျသည့် အရင်စာသင်နှစ် ၏ ဒီဇင်ဘာလ ၂၀ ရက် မတိုင်မီ | • ကျောင်းတက်ရောက်ရန်အတွက် သင့်နေရာရှိ အက်၊ မိုင်ရွှန် နှင့်/သို့မဟုတ် ဒုံ အကြီးအကဲထံမှ အကြောင်းကြားစာကို လက်ခံရရှိခြင်း (တက်မည့်ကျောင်း နှင့် ဝင်ခွင့်ရသည့် ရက်စွဲကို ဖော်ပြပေးထားပါသည်)<br>※ အက်/ မိုင်ရွှန်/ ဒုံ အကြီးအကဲသည် ကျောင်းသား၏ အမည်၊ နေထိုင်ရာ မှတ်ပုံတင်နံပါတ်၊ လိပ်စာ၊ အုပ်ထိန်းသူ၏ အမည်၊ မွေးသက္ကရာဇ်၊ လိပ်စာ နှင့် ဆက်သွယ်ရန် အခက်အလက်များပါဝင်သည့် စာရင်းတစ်ခုကို ပြုစုလိမ့်မည် ဖြစ်ပြီး ကလေးတက်ရမည့် ကျောင်း၏ အကြီးအကဲအား အကြောင်းကြားပေးပါလိမ့်မည်။၊<br>※ နိုင်ငံခြားသား ကျောင်းသားများအတွက် ကျောင်းလျှောက်ခြင်း အကြောင်းကြားစာကို ထုတ်ပေးလိမ့်မည် မဟုတ်ပါ။ |
| ဇန်နဝါရီလ - ဖေဖော်ဝါရီလ | • အကြိုခေါ်ယူတွေ့ဆုံခြင်း။ ။ ဝင်ခွင့် လမ်းညွှန် |
| မတ်လ အစောပိုင်း | • ကျောင်းစတက်သည့် အခမ်းအနား |

### အလယ်တန်းကျောင်း လျှောက်ထားခြင်း (၁၂-၁၄)

[မိဘများက ပြင်ဆင်ရန်] မလိုပါ (မူလတန်းကျောင်းများက လိုအပ်သည့် သက်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် စာရွက်စာတမ်းကိစ္စများကို လုပ်ဆောင်သွားပါလိမ့်မည်။

| အချိန် | လုပ်ဆောင်ရန် |
|---|---|
| ဇန်နဝါရီလ - အလယ်ပိုင်း | • အလယ်တန်းကျောင်း နေရာချထားခြင်း (ကံစမ်းမဲ စနစ်) |
| ဇန်နဝါရီလကုန်ပိုင်း | • နေရာချထားခံရသည့် ကျောင်းများကို အကြိုခေါ်ယူတွေ့ဆုံခြင်းတွင် ကျောင်းသားများအား အသိပေးပါမည် |
| ဖေဖော်ဝါရီလ - အလယ်ပိုင်း | • ပြန်လည်-နေရာချထားပေးရန်၊ ထပ်ဆောင်း နေရာချထားမှု၊ အတန်းနေရာချထားရန် စစ်ဆေးခြင်းများအတွက် လျှောက်ထားခြင်း |
| ဖေဖော်ဝါရီလ အလယ်ပိုင်း မှ လကုန်ပိုင်းအထိ | • ထပ်ဆောင်း နေရာချထားမှု ရလဒ်များကို အသိပေးပါမည် |
| မတ်လ အစောပိုင်း | • ကျောင်းစတက်သည့် အခမ်းအနား |

## အထက်တန်းကျောင်း လျှောက်ထားခြင်း (၁၅-၁၇)

• သာမန် အထက်တန်းကျောင်း (အစိုးရ အထက်တန်းကျောင်းများ အပါအဝင်)
• အထူး ကျောင်းများ။ ။ နိုင်ငံခြား ဘာသာစကား၊ အပြည်ပြည်ဆိုင်ရာ၊ သိပ္ပံ၊ အနုပညာ နှင့် ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး အထက်တန်းကျောင်းများ
• အလုပ်သင် အထက်တန်းကျောင်းများ။ ။ အလုပ်သင် (အသက်မွေးဝမ်းကြောင်းဆိုင်ရာ)၊ အလုပ်သင် (အခြား)၊ ကျွမ်းကျင် အထက်တန်းကျောင်းများ
• အခြား ကျောင်းများ။ ။ ထူးခြားသော ကလေးများအတွက် ကျောင်းများ

※ လျှောက်ထားခြင်း လုပ်ထုံးလုပ်နည်းများ နှင့် လျှောက်ထားရမည့် ရက်စွဲများသည် အထက်တန်းကျောင်း အမျိုးအစား၊ ပညာရေး ရုံး၏ မြို့ နှင့် နယ်မြေများအပေါ်မူတည်ပြီး ကွဲပြားပါသည်။
※ ကျောင်းသားများအနေဖြင့် "အထက်တန်းကျောင်း လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်များ" ဝက်ဘ်ဆိုက်ဒ်ဖြစ်သည့် www.hischool.go.kr တွင် လေ့လာရန် လိုအပ်ပါသည်။

| ၁၈ သို့မဟုတ် ယင်းထက်ကြီး | တက္ကသိုလ် |
|---|---|

1) မူကြိုကျောင်း ဝင်ခွင့် စီမံခန့်ခွဲမှု စနစ်ဖြစ်သည့် "ပထမဆုံး-ကျောင်းသွားမယ် (www.go-firstschool.go.kr)"ကို အသုံးပြုလို့မရပါက ယင်းမှတစ်ဆင့် လျှောက်လွှာတင်ခြင်းအစား မူကြိုကျောင်းသို့ လူကိုယ်တိုင်သွားရောက်နိုင်ပါသည်။

# ၁။ မူကြိုကျောင်း လျှောက်ထားခြင်း လမ်းညွှန်

## မူကြိုကျောင်း အမျိုးအစား

- **နိုင်ငံပိုင် မူကြိုကျောင်း။** ။ နိုင်ငံတော်မှ တည်ထောင်ပြီး စီမံခန့်ခွဲသည့် မူကြိုကျောင်း
- **အများပိုင် မူကြိုကျောင်း။** ။ ဒေသန္တရအစိုးရမှ တည်ထောင်ပြီး စီမံခန့်ခွဲသည့် မြူနီစီပယ် သို့မဟုတ် ဒေသခံ မူကြိုကျောင်း
- **ပုဂ္ဂလိက မူကြိုကျောင်း။** ။ လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီတစ်ခုမှ တည်ထောင်ပြီး စီမံခန့်ခွဲသည့် မူကြိုကျောင်း

## ရည်ရွယ်သော ကလေး

- **အသက် ၃ နှစ် နှင့် အထက် ကလေးများ** သည် **မူလတန်းကျောင်းမတက်မီ** မူကြိုကျောင်းတက်ရန် အကျုံးဝင်ပါသည်။

## တက်ရောက်ရမည့် ရက်စွဲ

- **အပိုင်းအသစ်အတွက် လျှောက်ထားခြင်း။** ။ စာသင်နှစ်သည် မတ်လ ၁ ရက် မှ နောက်နှစ် ဖေဖော်ဝါရီလကုန်အထိ ဖွင့်ပြီး **မူကြိုကျောင်းကို သာမန်အားဖြင့် မတ်လတွင် စတက်ရပါသည်။**
- **နှစ်ဝက် လျှောက်ထားခြင်း။** ။ **နှစ်ဝက် မှ လျှောက်ထားသည့် ဝင်ခွင့်**ကို မူကြိုကျောင်း၏ အခြေအနေပေါ်တွင် မူတည်ပြီးသာ **ခွင့်ပြုနိုင်မည်**ဖြစ်သဖြင့် သင့်ကလေးတက်ရောက်မည့် မူကြိုကျောင်းအား ဆက်သွယ် စုံစမ်းပါ။

## လျှောက်ထားခြင်း လုပ်ထုံးလုပ်နည်း

- လျှောက်လွှာ တင်ခြင်း မှ မှတ်ပုံတင်ခြင်းအထိ လျှောက်ထားခြင်း လုပ်ငန်းတစ်ခုလုံးကို မူကြိုကျောင်း စီမံခန့်ခွဲမှုစနစ်ဖြစ်သည့် **ပထမဆုံး-ကျောင်းသွားမယ်** ဝက်ဘ်ဆိုက်ဒ် (www.go-firstschool.go.kr)မှတစ်ဆင့် ပြုလုပ်နိုင်ပါသည်။

| မူကြိုကျောင်း အချက်အလက်ကို ကြည့်မည် | → | ဝင်ခွင့် လျှောက်ထားခြင်း | → | ကလေးများ ရွေးချယ်ခြင်း | → | မူကြိုကျောင်းတွင် မှတ်ပုံတင်ခြင်း (ရွေးချယ်ခံရပါက) |
|---|---|---|---|---|---|---|
| မိဘ (အုပ်ထိန်းသူ) | | မိဘ (အုပ်ထိန်းသူ) | | မူကြို | | မိဘ (အုပ်ထိန်းသူ) |

## Q အကြံပြုချက်များ | သင့်အနီးတစ်ဝိုက်ရှိ မူကြိုကျောင်းများကို ရှာဖွေပါ

▶ ဒေသအလိုက် မူကြိုကျောင်းများ၏ အချက်အလက်များကို **မူကြိုကျောင်း ဝင်ခွင့် စီမံခန့်ခွဲမှု စနစ် (ပထမဆုံး-ကျောင်းသွားမယ်)** ၏ ဝက်ဘ်ဆိုက်ဒ် သို့မဟုတ် အီး-ကလေးကျောင်း အချက်အလက်၏ ဝက်ဘ်ဆိုက်ဒ်မှတစ်ဆင့် အွန်လိုင်းမှလေ့လာနိုင်ပါသည်။ ဒေသအလိုက် မူကြိုကျောင်းများ၏ အချက်အလက်များအပြင် ဝင်ခွင့်နှင့်ဆိုင်သော ရက်စွဲများ၊ နည်းလမ်းများ နှင့် သင်ရိုးညွှန်းတမ်းများကိုလည်း ဖတ်နိုင်ပါသေးသည်။

- **ပထမဆုံး-ကျောင်းသွားမယ်** (www.go-firstschool.go-kr)
  ။ ။ ကလေးများကို မူကြိုကျောင်း တက်စေလိုသည့် မိဘများ (သို့မဟုတ် အုပ်ထိန်းသူများ) အား မူကြိုကျောင်းများ၏ အချက်အလက်များကို အွန်လိုင်းမှအလွယ်တကူ ရှာဖွေနိုင်စေရန်၊ လျှောက်ထားရန် ဖိုင်များကို တင်နိုင်ရန် နှင့် ရလဒ်များကို ကြည့်နိုင်ရန်အတွက် ပြုလုပ်ထားသည့် မူကြိုကျောင်း ဝင်ခွင့် စနစ် ဖြစ်ပါသည်။
- **အီး-ကလေးကျောင်း အချက်အလက်** (e-childschoolinfo.moe.go.kr)
  ဒေသအလိုက် မူကြိုကျောင်းများ၏ လက်ရှိအခြေအနေ နှင့် လည်ပတ်နေမှု အခြေအနေများအကြောင်း အချက်အလက်များ။

▶ ကလေးအတွက် ပညာရေး ကျောင်းတစ်ခုကို ရွေးချယ်မည်ဆိုပါက အောက်ပါ အချက် လေးချက်ကို ထည့်သွင်းစဉ်းစားပါ။

- [ **တည်နေရာ** ] အိမ် သို့မဟုတ် မိဘများ၏ အလုပ်ခွင် နှင့် နီးသောနေရာ
  - အလှမ်းဝေးလွန်းနေပါက ကလေးသည် ကိုယ်ရောစိတ်ပါ ဖိစီးမှုများခြင်းကို ခံစားရနိုင်ပါသည်။
- [ **ပညာရေးဆိုင်ရာ အတွေးအခေါ်** ] မိဘ၏ ပညာရေးဆိုင်ရာ အတွေးအခေါ်နှင့် ကိုက်ညီသည့် နေရာ
  - ပညာရေးဆိုင်ရာ အတွေးအခေါ်သည် မူကြိုကျောင်း တစ်ခု နှင့် တစ်ခု ကွဲပြားသည့်အတွက်ကြောင့် ကျောင်း၏ အသားပေး သင်ရိုးညွှန်းတမ်း အမျိုးအစားကို အသေးစိတ် လေ့လာရန် လိုအပ်ပါသည်။
- [ **အဆောက်အအုံ** ] ဘေးကင်းလုံခြုံပြီး သန့်ရှင်းသည့် နေရာ
  - သင့်ကလေး နေ့တစ်ဝက်ကျော်နီးပါး နေမည့် နေရာဖြစ်သောကြောင့် ဘေးကင်းလုံခြုံရန်၊ သန့်ရှင်းရန် နှင့် လှုပ်ရှားမှုများကို ပြုလုပ်နိုင်သည့် နေရာရှိရန် စသည်တို့ကို အသေးစိတ် လေ့လာရန် လိုအပ်ပါသည်။
- [ **ဆရာများ** ] ဆက်ဆံရေးအားကောင်းသည့် ဆရာများ
  - ကလေးများ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆရာများသည် ကလေးများနှင့် အကောင်းဘက်မှ ဆက်ဆံသင်ကြားပေးရန် အလွန်အရေးကြီးပါသည်။

## မူကြိုကျောင်း ဝင်ခွင့်လျှောက်လွှာကို တင်သွင်းပါ

- **တင်ရမည့် ရက်စွဲ**
  - ဒေသနှင့် မူကြိုကျောင်းပေါ်မူတည်ပြီး ရက်စွဲများ **ကွဲပြားတတ်သော်လည်း သာမန်အားဖြင့် လာမည့်နှစ်အတွက် ကျောင်းသားသစ်များကို အောက်တိုဘာလ မှ နိုဝင်ဘာလအတွင်းတွင် လက်ခံပါသည်။**
- **တင်နိုင်သည့် နည်းလမ်းများ**
  - မူကြိုကျောင်း ဝင်ခွင့်လျှောက်လွှာတင်ရန် နည်းလမ်း နှစ်ခု ရှိပါသည်။ ။ **အွန်လိုင်း မှ လျှောက်ထားခြင်း နှင့် လူကိုယ်တိုင် လျှောက်ထားခြင်း တို့ဖြစ်ပြီး** မူကြိုကျောင်း ၃ ကျောင်းအထိ လျှောက်ထားနိုင်ပါသည်။
    - **အွန်လိုင်း မှ လျှောက်ထားခြင်း။ ။** မိဘများအနေဖြင့် လျှောက်လွှာကို ပထမဆုံး-ကျောင်းသွားမယ် ဝက်ဘ်ဆိုက်ဒ်မှ လျှောက်ထားနိုင်ပါသည်။
    - **လူကိုယ်တိုင် လျှောက်ထားခြင်း။ ။** မိဘက တက်စေချင်သည့် မူကြိုကျောင်းသို့ သွားရောက်ပြီး လူကိုယ်တိုင် လျှောက်လွှာတင်ပြီး လျှောက်ထားခြင်း ဖြစ်ပါသည်။ (အချို့သော ပုဂ္ဂလိက မူကြိုကျောင်းများက လူကိုယ်တိုင် လျှောက်ထားခြင်းကိုသာ လက်ခံပါသည်။)
  - လျှောက်လွှာများကို **ဦးစားပေးအုပ်စု** နှင့် **သာမန် အုပ်**စုဟူ၍ ခွဲလိုက်ပါသည်။ **<u>အချို့သော မူကြိုကျောင်းများက ယဉ်ကျေးမှုပေါင်းစုံ မိသားစု မှကျောင်းသားများကို ဦးစားပေးအုပ်စုတွင် ထည့်ထားသဖြင့်</u>** ပိုမိုသိရှိရန်အတွက် မူကြိုကျောင်းကို ဆက်သွယ်စုံစမ်းပါ။

- တစ်ခါတစ်ရံတွင် ကလေးသည် ယဉ်ကျေးမှုပေါင်းစုံ မိသားစုမှဟုတ်မဟုတ် အတည်ပြုရန်အတွက် ထပ်ဆောင်း စာရွက်စာတမ်းများကို တင်ပြပေးရန် တောင်းဆိုတတ်သဖြင့် သင့်အနေဖြင့် လျှောက်ထားရန် အကြောင်းကြားစာကို သေချာစွာ လေ့လာရန် သို့မဟုတ် လိုအပ်သော စာရွက်စာတမ်းများအကြောင်းကို သိရန် မူကြိုကျောင်းကို ဆက်သွယ် စုံစမ်းရန် အရေးကြီးပါသည်။

## မူကြိုကျောင်းသားများ ရွေးချယ်ခြင်း နှင့် မှတ်ပုံတင်ခြင်း

- မူကြိုကျောင်းသား ရွေးချယ်ခြင်းသည် အရင်ရောက်သူ အရင်တက်ရသည့် စနစ်ကို အခြေခံပြီး ရွေးချယ်ခြင်း မဟုတ်ပါ။ လျှောက်ထားသည့် အရေအတွက်သည် လက်ခံနိုင်သည့် အရေအတွက်ထက်များနေပါက မဲနှိုက်ရွေးချယ်ပါသည်။ ရွေးချယ်မှု ရလဒ်ကို ပထမဆုံး-ကျောင်းသွားမယ် ဝက်ဘ်ဆိုက်ဒ်တွင် ကြည့်နိုင်ပါသည် သို့မဟုတ် လျှောက်ထားသူတစ်ယောက်ချင်းစီဆက်သွယ် အကြောင်းကြားပါလိမ့်မည်။
- အကယ်၍သင်ရွေးချယ်သည့် မူကြိုကျောင်းအားလုံးတွင် အရွေးမခံရပါက သို့မဟုတ် ရွေးချယ်ခံရသည့် ကျောင်းအား မတက်လိုပါက ကျောင်းသားလက်ခံနိုင်သေးသည့် မူကြိုကျောင်းတွင် ဝင်ခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။
- မူကြိုကျောင်း ဝင်ခွင့်အား ဆုံးဖြတ်ပြီးဖြစ်ပါက မိဘများ (အုပ်ထိန်းသူများ) အား အကြိုခေါ်ယူတွေ့ဆုံခြင်း သို့မဟုတ် မိတ်ဆက်ပွဲတွင် ကလေးများ၏ မူကြိုဝင်ခွင့် နှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များကို အသိပေးပါလိမ့်မည်။

## တက်ရောက်ရန် ပြင်ဆင်ခြင်း

- တက်ရောက်ရန် ပြင်ဆင်ခြင်းအား မိဘများက ပြင်ဆင်ရမည်များ နှင့် ကလေးအတွက် ပြင်ဆင်ပေးရမည်များဟူ၍ ခွဲခြားပါသည်။
  - **မိဘများက ပြင်ဆင်ရမည်များ** သင်တန်း အထောက်အပံ့များ ရရှိရန် အကျုံးဝင်မှုကို အတည်ပြုရန် နှင့် ထပ်ဆောင်လိုအပ်သည့် စာရွက်စာတမ်းများကို ပြင်ဆင်ရန် (ဝင်ငွေ နှစ်ခုရှိသော မိသားစုများ သို့မဟုတ် မူကြိုကျောင်းပေါ်တွင် မှီခိုနေရသည့်သူများအတွက် ကျောင်းချိန်အပြီး သင်တန်းများအတွက် လျှောက်ထားခြင်း)၊ ဓာတ်ပုံများ၊ ကာကွယ်ဆေးထိုးခြင်း နှင့် ကျန်းမာရေး စစ်ဆေးခြင်းဆိုင်ရာ လက်မှတ်များ နှင့် မူကြိုကျောင်းမှလိုအပ်သည့် အခြား အရာများ စသည်ဖြင့်

    ※ လမ်းညွှန်မှု အပြည့်အဝရရှိရန်အတွက် ကျောင်းမစတင်မီ မိဘများအတွက် မိတ်ဆက်ပွဲကို တက်ရောက်ရန် အရေးကြီးပါသည်။ မူကြိုကျောင်းအား သင့်ကလေးနှင့်အတူ သွားရောက်လည်ပတ်ခြင်းမျိုးကိုလည်း ပြုလုပ်ထားခြင်းဖြင့် ပတ်ဝန်းကျင်နှင့် ရင်းနှီးအောင်ပြုလုပ်ပါ။
  - **ကလေးအတွက် မိဘများက ပြင်ဆင်ပေးရမည်များ** သင့်ကလေးအား အခြေခံ ဘေးကင်းလုံခြုံရေး စည်းကမ်းများ၊ သင်(သို့မဟုတ် အခြား အုပ်ထိန်းသူများ) နှင့်အတူမရှိချိန်တွင် နေတတ်အောင်၊ အတန်းဖော်များ နှင့် ဆက်ဆံတတ်အောင်၊ အခြေခံ အကျင့်များ (အိမ်သာတက်တတ်အောင် သင်ပေးခြင်း နှင့် ထမင်းစားဝိုင်းအမူအကျင့်များ) နှင့် ကျောင်းကားစီးချိန်တွင် သတိပြုရမည့်အချက်များကို သင်ကြားပေးထားပါ။



## မှတ်ချက် မူကြိုကျောင်း သင်ရိုးညွှန်းတမ်း လုပ်ဆောင်မှု

### အပိုင်း နှင့် စာသင်ခန်းများကို ခွဲခြားသိရှိခြင်း

- မူကြိုကျောင်းတွင် စာသင်နှစ်ကို နှစ်ပိုင်း ခွဲထားပါသည်။
  - ပထမ အပိုင်း။ ။ မတ်လ ၁ ရက်နေ့ (မတ်လ ၁ ရက်နေ့သည် အမျိုးသားနေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် မတ်လ ၂ ရက်နေ့တွင် ကျောင်းစဖွင့်ပါသည်) မှ ကျောင်းစာသင်ရက် အရေအတွက်၊ စာမသင်သည့်ရက် အရေအတွက် နှင့် သက်ဆိုင်ရာ မူကြိုကျောင်း၏ သင်ရိုးညွှန်းတမ်း လုပ်ဆောင်မှု တို့အရ မူကြိုကျောင်း အကြီးအကဲမှ သတ်မှတ်ထားသည့် ရက်အထိ။
  - ဒုတိယ အပိုင်း။ ။ ပထမ အပိုင်း၏ နောက်ဆုံးရက်မှ နောက်လာမည့် စာသင်နှစ် ၏ ဖေဖော်ဝါရီလ နောက်ဆုံးရက်အထိ။
- မူကြိုကျောင်း သင်ရိုးညွှန်းတမ်းသည် တစ်နေ့လျှင် လေးနာရီ မှ ငါးနာရီအထိ ကြာတတ်ပြီး သင်ရိုးညွှန်းတမ်းအရ ပါဝင်သည့် ပြုစုစောင့်ရှောက်မှု ဝန်ဆောင်မှုများ နှင့် အခြား ပညာရေးဆိုင်ရာ လှုပ်ရှားမှုများ ပါဝင်ပါသည်။
- မူကြိုကျောင်း၏ အခြေအနေ နှင့် ပညာရေးဆိုင်ရာ မူဝါဒပေါ်မူတည်ပြီး စာသင်ခန်းများတွင် အရွယ်တူ အတန်း သို့မဟုတ် ၃၊ ၄၊ ၅ နှစ် အရွယ်ကလေးများကို ရောထားသည့် အတန်းများရှိနိုင်ပါသည်။

### ကျောင်းတက်ရက် နှင့် တက်ရောက်မှု

- မူကြိုကျောင်းများအနေဖြင့် စာသင်နှစ် တစ်နှစ်လျှင် **၁၈၀ ရက်** ထက်ပိုသင်ရန် လိုအပ်ပြီး ရက်အရေအတွက် အတိအကျကို တက်ရောက်ချိန်တွင် မူကြိုကျောင်း ၏ အကြီးအကဲက သူ့ဆုံးဖြတ်ချက်ကို ပြောပြပါလိမ့်မည်။

### သင်ရိုးညွှန်းတမ်း (နူရီ သင်တန်း)

- သူငယ်တန်းသင်ရိုးညွှန်းတမ်းကို**'နူရီ သင်တန်း'**ဟုခေါ်သည်။ Nuri သင်တန်း၏ရည်ရွယ်ချက်မှာ ကစားခြင်းအားဖြင့်စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့်ညီညွတ်သောဖွံ့ဖြိုးတိုးတက်မှုရရှိရန် နှင့်ကောင်းမွန်သောကျင့် ဝတ်နှင့်ဒီမိုကရေစီနိုင်ငံသားဖြစ်ရန်အခြေခံအုတ်မြစ်ကို ပျိုးထောင်နိုင်ရန်ဖြစ်သည်။
- နူရီ သင်တန်းတွင်ကဏ္ဍ ငါးခုပါဝင်သည် (ကာယလေ့ကျင့်ခန်း၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ လူမှုဆက်ဆံရေး၊ အနုပညာအတွေ့အကြုံနှင့်သဘာ ဝစူးစမ်းရေး အစရှိသည်တို့ကို ဖွဲ့စည်းထားပြီး၊ ကစားခြင်းအားဖြင့် ငါးခုသော ကဏ္ဍတို့ကို ပေါင်းစည်းပြီး ကလေးတွေ၏ အတွေ့အကြုံနှင့် စပ်ဆက်နိုင်စေရန်ဖြစ်သည်။
- နူရီ သင်တန်းကို အခြေခံ၍ အဖွဲ့အစည်းတစ်ခုချင်းစီ၏အခြေအနေနှင့်ကိုက်ညီမည့် အစီအစဉ်တစ်ခုကို တည်ထောင်အကောင်အထည်ဖော်ပြီး ကလေးထိန်းကျောင်းသည့်နေ့တွင် ပြင်ပတွင် ကစားခြင်းများအပါအဝင်ကလေးများလုံလောက်စွာ ကစားနိုင်အောင်စီစဉ်ဖွဲ့စည်းထားသည်။

### နေ့တိုင်း သင်ခန်းစာ အချိန်ဇယား

- မူလတန်းကျောင်း၊ အလယ်တန်းကျောင်း နှင့် အထက်တန်းကျောင်းများနှင့်မတူဘဲ သူငယ်တန်းများတွင် ဖတ်စာအုပ်များ မလိုပါ။ နေ့ကလေးထိန်းဌာနသည်ကလေးများအားသူတို့၏အကျိုးစီးပွားနှင့်အကျိုးစီးပွား အရလွတ်လပ်စွာပါ ဝင်ကစားခွင့် ကို ကစားရန်ကူညီသည်။

- ကလေးများသည်ကစားခြင်း၊ နေ့စဉ်ဘဝနှင့်လှုပ်ရှားမှုများတွင်အတွေ့အကြုံအမျိုးမျိုးကိုကြုံတွေ့ရသည်။ ကစားခြင်းသည်ပြင်ပကစားခြင်းအပါအဝင်တစ်နေ့တာ၏အရှည်ဆုံးအချိန်ကိုယူသည်။
  - နေ့စဉ်ဘဝတွင်ဥယျာဉ်စိုက်ပျိုးခြင်း၊ လက်ဆေးခြင်း၊ သန့်စင်ခန်းသွားခြင်း၊ သရေစာ၊ နေ့လည်စာ၊ နေ့ခင်းပိုင်း
    တစ်ရေးအိပ်စက်ခြင်းတို့ပါဝင်ပါသည်။ ၎င်းမှတစ်ဆင့်ကလေးများ၏ရုပ်ပိုင်းဆိုင်ရာစည်းချက်ကို ထင်ဟပ်စေပြီး ကလေးငယ်များအား မူကြို၌ပျော်ပျော်ရွှင်ရွှင်နေနိုင်ရန်ကူညီသည်။
  - လှုပ်ရှားမှုသည်ကလေးငယ်များအားကစားခြင်းမှတစ်ဆင့်သင်ကြားမှုတိုးချဲ့ရန်ကူညီသည့်ဆရာများ ထံမှပံ့ပိုးမှုဖြစ်သည်။
    ဥပမာ) ဘေးကင်းရေးပညာ၊ သီချင်းအသစ်တစ်ပုဒ်သီဆိုခြင်း၊ ပုံပြင်တစ်ပုဒ်ဝေငှခြင်း၊ နတ်သမီးပုံပြင်နားထောင်ခြင်းစသဖြင့်။

## ၂။ မူလတန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန်

### မူလတန်းကျောင်း အမျိုးအစား

- **နိုင်ငံပိုင် မူလတန်းကျောင်း။** ။ နိုင်ငံမှ တည်ထောင်ပြီး စီမံခန့်ခွဲသော မူလတန်းကျောင်း သို့မဟုတ် နိုင်ငံပိုင် တက္ကသိုလ် နှင့် ချိတ်ဆက်ထားသော သို့မဟုတ် နိုင်ငံပိုင် တက္ကသိုလ်၏ ပညာရေး ကောလိပ်နှင့် ချိတ်ဆက်ထားသော မူလတန်းကျောင်း
- **အများပိုင် မူလတန်းကျောင်း။** ။ ဒေသန္တရ အစိုးရမှ တည်ထောင်ပြီး စီမံခန့်ခွဲသည့် မြူနီစီပယ် သို့မဟုတ် ဒေသခံ မူလတန်းကျောင်း
- **ပုဂ္ဂလိက မူလတန်းကျောင်း။** ။ လူပုဂ္ဂိုလ် သို့မဟုတ် ကုမ္ပဏီ မှ တည်ထောင်ပြီး စီမံခန့်ခွဲသည့် မူလတန်းကျောင်း

### ရည်ရွယ်သော ကျောင်းသားများ

- ဇန်နဝါရီလ ၁ ရက် နှင့် ဒီဇင်ဘာလ ၃၁ ရက်ကြားတွင် **၆ နှစ်ရှိသော ကလေးများ သည် မသင်မနေရ မူလတန်းကျောင်း ပညာရေးနှင့် အကျုံးဝင်သည်။**
  - ၂၀၂၁ စာသင်နှစ်တွင် ဝင်ခွင့်ရရမည့် ကျောင်းသားများ ၂၀၁၄ ဇန်နဝါရီလ ၁ ရက် - ဒီဇင်ဘာလ ၃၁ ကြား မွေးသည့် ကလေးများ
  - ၂၀၂၂ စာသင်နှစ်တွင် ဝင်ခွင့်ရရမည့် ကျောင်းသားများ ၂၀၁၅ ဇန်နဝါရီလ ၁ ရက် - ဒီဇင်ဘာလ ၃၁ ကြားမွေးသည့် ကလေးများ

### တက်ရောက်ရမည့် ရက်စွဲ

- မူလတန်းကျောင်းများ၏ စာသင်နှစ်သည် မတ်လ ၁ ရက် မှ နောက်နှစ် ဖေဖော်ဝါရီလကုန်အထိဖွင့်ပြီး ကျောင်းသားများသည် စာသင်နှစ်အတွင်း **မည်သည့်အချိန်တွင်မဆို** ကျောင်းသင်ရိုးညွှန်းတမ်းကို ကောင်းစွာလိုက်နိုင်မည်ဆိုပါက နောက်ကျတက်ခြင်းက သင်ယူမှုအပေါ်တွင် အဆိုးဘက်မှ သက်ရောက်မှုမရှိလျှင် တက်ရောက်နိုင်သော်လည်း ကျောင်းလျှောက်ထားခြင်းကို သာမန်အားဖြင့် မတ်လတွင် ပြုလုပ်ပါသည်။

## လျှောက်ထားခြင်း လုပ်ထုံးလုပ်နည်း

| ဝင်ခွင့်ရသည့် ကျောင်းသားများ စာရင်း ပြုစုခြင်း (အောက်တိုဘာလ ၃၁ ရက် မတိုင်မီ) | → | ကျောင်းတက်ရောက်ရန် အကြောင်းကြားစာ (ဒီဇင်လာလ ၂၀ ရက် မတိုင်မီ) | → | အကြိုခေါ်ယူတွေ့ဆုံခြင်း (ဇန်နဝါရီလ) | → | တက်ရောက်ခြင်း (မတ်လ) |
|---|---|---|---|---|---|---|
| ဒုံ ကွန်မြူနီတီ ဝန်ဆောင်မှု စင်တာများ သို့မဟုတ် အက်/မိုင်ရွန် ရုံးများ | | ဒုံ ကွန်မြူနီတီ ဝန်ဆောင်မှု စင်တာများ သို့မဟုတ် အက်/မိုင်ရွန် ရုံးများ | | မူလတန်းကျောင်း | | မူလတန်းကျောင်း |

- သင့်ကလေးသည် ကျောင်းတက်ရရန် အကျုံးဝင်မဝင်ကို သိရှိရန်အတွက် သင့် ဒုံ ကွန်မြူနီတီ ဝန်ဆောင်မှု စင်တာ သို့မဟုတ် အက်/မိုင်ရွန် ရုံးတွင် စုံစမ်းသိနိုင်ပါသည်။ ကျောင်းတက်ရန် အကြောင်းကြားစာကို ဒီဇင်ဘာလ ၂၀ ရက်မတိုင်မီ ကလေး၏ အိမ်သို့ ပို့ပေးပါလိမ့်မည်။
- သာမန်အားဖြင့် ပညာရေးရုံးများကချမှတ်ထားသည့် အတိုင်း **ကျောင်းများသည် ကလေးမိဘများ(အုပ်ထိန်းသူများ) နေထိုင်ရာအပေါ် မူတည်ပြီး သတ်မှတ်သော်လည်း <u>ယဉ်ကျေးမှုပေါင်းစုံ မိသားစုမှကလေးများသည် ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် အထူးသင်တန်းများဖွင့်သည့် မူလတန်းကျောင်းကို ရွေးချယ်နိုင်ပါသည်။</u>**
- နိုင်ငံပိုင် နှင့် ပုဂ္ဂလိက မူလတန်းကျောင်းများသည် ကိုယ်ပိုင်ရွေးချယ်သည့် လုပ်ငန်းကို ပြုလုပ်ကြသဖြင့် လျှောက်ထားရန် ရက်စွဲကဲ့သို့သော အချက်အလက်များကို သိရှိရန် **<u>ကျောင်းကို တိုက်ရိုက်စုံစမ်းပါ။</u>**

**Q အကြံပြုချက်များ** **နိုင်ငံခြားသားမိသားစု မှကလေးများအတွက် ကျောင်းလျှောက်ထားခြင်း**

▶ **သင့်ကလေးသည် ကိုရီးယားနိုင်ငံတွင် မွေးသည် ဖြစ်သော်ငြားလည်း နိုင်ငံခြားသားမိသားစုဖြစ်ပါက ကျောင်းတက်ရန် အကြောင်းကြားစာကို ထုတ်ပေးလိမ့်မည်မဟုတ်ပါ။** ထို့ကြောင့် ကျောင်းလျှောက်ထားခြင်းဆိုင်ရာ ဆွေးနွေးရန်အတွက် ကိုရီးယားတွင် သင်နေထိုင်ကြောင်းကို သက်သေပြနိုင်သည့် စာရွက်စာတမ်းဖြင့် အနီးစပ်ဆုံး မူလတန်းကျောင်းတွင် သွားရောက် စုံစမ်းပါ။

▶ **မှတ်ပုံမတင်ထားသည့် ခိုးနေသူများသည်လည်း တက်ရောက်ခွင့်ရှိပါပြီး** ငှားရမ်း သဘောတူညီချက် သို့မဟုတ် မည်သူမည်ဝါဖြစ်ကြောင်း စာဖြင့် အာမခံချက်(အိမ်နီးနားချင်းများ၏ စာဖြင့် အာမခံချက်) ကဲ့သို့သော ကိုရီးယားတွင် နေထိုင်ကြောင်း သက်သေပြနိုင်သည့် စာရွက်စာတမ်းများ နှင့် သင့်ကလေး၏ မွေးသက္ကရာဇ်ကို သက်သေပြနိုင်သည့် စာရွက်စာတမ်းများကို ယူလာခဲ့ရန် လိုအပ်ပါသည်။

# ၃။ အလယ်တန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန်

## ရည်ရွယ်သော ကျောင်းသားများ

- **မူလတန်းကျောင်းမှကျောင်းပြီးသော သို့မဟုတ် အလားတူသော ပညာရေးအောင်လက်မှတ်ရှိသော ကလေးများ**သည် အလယ်တန်းကျောင်းတွင် ဝင်ခွင့်ရရန် အကျုံးဝင်ပါသည်။

## တက်ရောက်ရမည့် ရက်စွဲ

- အလယ်တန်းကျောင်းများ၏ စာသင်နှစ်သည် မတ်လ ၁ ရက် မှ နောက်နှစ် ဖေဖော်ဝါရီလကုန်အထိဖွင့်ပြီး ကျောင်းသားများသည် စာသင်နှစ်အတွင်း **မည်သည့်အချိန်တွင်မဆို** ကျောင်းသင်ရိုးညွှန်းတမ်းကို ကောင်းစွာလိုက်နိုင်မည်ဆိုပါက နောက်ကျတက်ခြင်းက သင်ယူမှုအပေါ်တွင် အဆိုးဘက်မှ သက်ရောက်မှုမရှိလျှင် တက်ရောက်နိုင်သော်လည်း **ကျောင်းလျှောက်ထားခြင်းကို သာမန်အားဖြင့် မတ်လတွင် ပြုလုပ်ပါသည်။**

## လျှောက်ထားခြင်း လုပ်ထုံးလုပ်နည်း

| အလယ်တန်းကျောင်း သတ်မှတ်ခြင်း | → | အလယ်တန်းကျောင်း သတ်မှတ်ခြင်းကို အကြောင်းကြားခြင်း နှင့် အတည်ပြုခြင်း (ဇန်နဝါရီ-ဖေဖော်ဝါရီ) | → | ဝင်ခွင့် (ဇန်နဝါရီ-ဖေဖော်ဝါရီ) | → | တက်ရောက်ခြင်း (မတ်လ) |
|---|---|---|---|---|---|---|
| ပညာရေး ရုံးများ | | လက်ရှိမူလတန်းကျောင်း သို့မဟုတ် ပညာရေးရုံးများ၏ ဝက်ဘ်ဆိုက်ဒ်များ | | အလယ်တန်းကျောင်း | | အလယ်တန်း ကျောင်း |

- သာမန်အားဖြင့် **ကျောင်းများကို ကျောင်းသား၏ ပညာရေးရုံး၏ ခရိုင်ပေါ်မူတည်ပြီး သတ်မှတ်ပေးသော်လည်း ယဉ်ကျေးမှုပေါင်းစုံ မိသားစုမှကလေးများသည် ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် အထူးသင်တန်းများဖွင့်သည့် အလယ်တန်းကျောင်းကို ရွေးချယ်နိုင်ပါသည်။**
- သင့်ကလေးသည် လက်ရှိတွင် မူလတန်းကျောင်းတွင် ဝင်ခွင့်ရရှိထားပါက**မူလတန်းကျောင်းက အလယ်တန်းကျောင်း တက်ရန်အတွက် စာရွက်စာတမ်းများ နှင့် လိုအပ်သည်များအားလုံးကို လုပ်ဆောင်ပေးမည် ဖြစ်သဖြင့် မိဘများ ( အုပ်ထိန်းသူများ)အနေဖြင့် ဘာမှလုပ်ရန် မလိုအပ်ပါ။**
- ကိုယ်လက် လေ့ကျင့်ခန်းပညာရေး၊ အနုပညာ နှင့် အပြည်ပြည်ဆိုင်ရာ အလယ်တန်းကျောင်းများကဲ့သို့သော အထူးအလယ်တန်းကျောင်းများသည် သူတို့ကိုယ်ပိုင်နည်းဖြင့် ကျောင်းတည်ထောင်ရသည့် လိုအပ်ချက်နှင့်ကိုက်ညီသော ကျောင်းသားသစ်များကို ရွေးချယ်ကြပါသည်။ ရွေးချယ်ခံရရန် လိုအပ်ချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့် နည်းလမ်းများသည် ကျောင်းတစ်ခုနှင့် တစ်ခုမတူညီကြသဖြင့် ကျောင်းတစ်ခုချင်းစီ၏ ကျောင်းသားသစ် လျှောက်ထားခြင်းလမ်းညွှန်းကို ဖတ်ရန် အကြံပြုအပ်ပါသည်။

**[ကျောင်းအမျိုးအစားအလိုက် လျှောက်ထားရန် လိုအပ်သည်များ]**

| အုပ်စု | သာမန် အလယ်တန်းကျောင်းများ | အထူး အလယ်တန်းကျောင်းများ |
|---|---|---|
| သွင်ပြင်လက္ခဏာများ | • ကျားမအပေါ်အခြေခံပြီး ခွဲခြားသည့် မိန်းကလေး အလယ်တန်းကျောင်း၊ ယောကျ်ားလေး အလယ်တန်း ကျောင်း နှင့် ရောကျောင်း | • အထူးသင်တန်းပေးရန်အတွက် အချို့သောနယ်ပယ်များတွင် ထူးချွန်သည့် ကျောင်းသားများ<br>• ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး အလယ်တန်းကျောင်း၊ အနုပညာ အလယ်တန်းကျောင်း နှင့် အပြည်ပြည်ဆိုင်ရာ အလယ်တန်းကျောင်းများ |
| အတန်း (ဝင်ခွင့်ကြေး၊ ကျောင်းလခ) | • အခမဲ့ | • ငွေကြေးပေးရ (ကျောင်းပေါ်တွင်မူတည်ပါသည်) |
| လျှောက်ထားရန် လိုအပ် သည်များ | • ကျောင်းအုပ်စု နှင့် အလယ်တန်း ကျောင်း ခရိုင်ပေါ်တွင် မူတည်ပြီး ဆုံးဖြတ်ပါသည် | • သီးခြား လျှောက်ထားရန် လိုအပ်သည်များ |

### Q အကြံပြုချက်များ — မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်း ကျောင်းချိန်ပြင်ပ ကူညီပံ့ပိုးမှု

- ▶ မိဘနှစ်ဦးလုံးအလုပ်လုပ်သူ၊ ဝင်ငွေနည်းမိသားစုများမှ မူလတန်းကလေးများအတွက် ကျောင်း၏ မူလတန်း စောင့်ရှောက်မှု အတန်းတွင် ကျောင်းချိန်ပြင်ပ စောင့်ရှောက်မှုဝန်ဆောင်မှုများရှိပါသည်။
- ▶ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းသားများ၏ သင်ယူမှုစွမ်းရည်များကိုမြှင့်တင်ရန်နှင့် အထူးကျွမ်းကျင်မှုနှင့် စွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရန်အတွက် အမျိုးမျိုးသော ကျောင်းချိန်ပြင်ပ သင်ကြားမှု အစီအစဉ်များတွင် ပါဝင်သင်ယူနိုင်သည်။
- ▶ သင်ယူအသုံးပြုနိုင်ခြင်းရှိမရှိ  ထောက်ပံ့ပေးမည့် အစီအစဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ မြို့များရှိ ပညာရေးထောက်ပံ့မှု ရုံးများတွင် မေးမြန်းနိုင်ပါသည်။

# ၄။ အထက်တန်းကျောင်း လျှောက်ထားခြင်း လမ်းညွှန်

## အထက်တန်းကျောင်း အမျိုးအစားများ

- **သာမန် အထက်တန်းကျောင်းများ။ ။** အထွေထွေပညာရေးအား သင်ကြားပေးနေသည့် အစိုးရပိုင် နှင့် ပုဂ္ဂလိကပိုင် အထက်တန်းကျောင်းများဖြစ်ပြီး အထက်တန်းကျောင်းအများစုဖြစ်ပါသည်။
- **အထူးရည်ရွယ်ချက် အထက်တန်းကျောင်းများ။ ။** နိုင်ငံခြား ဘာသာစကား၊ အပြည်ပြည်ဆိုင်ရာ ပညာရေး နှင့် သိပ္ပံ စသည်ဖြင့် သီးခြားနယ်ပယ်တွင် အထူးပညာရေး သင်ကြားပေးရန်ရည်ရွယ်ထားသည့် အထက်တန်းကျောင်းများ
- **အထူးအထက်တန်းကျောင်းများ။ ။** တူညီသော ပါရမီ၊ စိတ်နေစိတ်ထား၊ နှင့် စွမ်းရည်များရှိသော ကျောင်းသားများ အား ၄င်းနယ်ပယ်တွင် အထူးပြုစုပျိုးထောင်ရန် သို့မဟုတ် သဘာဝအား တိုက်ရိုက်ဖော်ထုတ်ခြင်း ကဲ့သို့သော အတွေ့အကြုံအာရုံပြု ပညာရေးကိုပေးသော အထက်တန်းကျောင်းများ
- **လွတ်လပ်သောအထက်တန်းကျောင်းများ။ ။** အခြားအထက်တန်းကျောင်းများနှင့် နှိုင်းပါက လွတ်လပ်စွာ လည်ပတ် နိုင်စေရန် သို့မဟုတ် မတူသော သင်ရိုးညွှန်းတမ်းများကို သင်ပေးရန် ဒီဇိုင်းထုတ်ထားသည့် အစိုးရပိုင် နှင့် ပုဂ္ဂလိကပိုင် အထက်တန်းကျောင်းများ။

## ရည်ရွယ်သော ကျောင်းသားများ

- **အလယ်တန်းကျောင်းပြီးသော သို့မဟုတ် အလားတူ ပညာရေး အောင်လက်မှတ်ရှိသော ကျောင်းသားများ** သည် အထက်တန်းကျောင်းတက်ရန်အကျုံးဝင်ပါသည်။

## တက်ရောက်ရမည့် ရက်စွဲ

- အထက်တန်းကျောင်းများ၏ စာသင်နှစ်သည် မတ်လ ၁ ရက် မှ နောက်နှစ် **ဖေဖော်ဝါရီလကုန်အထိဖွင့်ပြီး ကျောင်း လျှောက်ထားခြင်းကို သာမန်အားဖြင့် မတ်လတွင် ပြုလုပ်ပါသည်။**

## ရွေးချယ်သည့် ရက်စွဲများ

- အထက်တန်းကျောင်းများသည် ကျောင်းသားသစ်များကို တစ်နှစ်လျှင် နှစ်ကြိမ် ရွေးချယ်ပါသည်။
  - ပထမ တစ်ဝက်။ ။ သာမန် အထက်တန်းကျောင်းများ (အနုပညာ နှင့် ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး) အထူး ရည်ရွယ်ချက် အထက်တန်းကျောင်းများ (သိပ္ပံ/အနုပညာ/ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး နှင့် ကျွမ်းကျင် အထက်တန်းကျောင်းများ)
  - ဒုတိယ တစ်ဝက်။ ။ ပထမ တစ်ဝက်တွင် မရွေးချယ်သော သာမန် အထက်တန်းကျောင်းများ (အနုပညာ နှင့် ကိုယ် လက်လေ့ကျင့်ခန်း ပညာရေး မပါ)အပါအဝင် အထက်တန်းကျောင်းများအားလုံး
- လျှောက်ထားသည့် ရက်စွဲနှင့် လျှောက်ထားရန် လိုအပ်သည်များသည် မြို့နီစီပယ် နှင့် ဒေသခံ ပညာရေးရုံးများ အလိုက် ကွဲပြားသဖြင့် မလျှောက်ထားမီ သေချာစွာသိထားရန် လိုအပ်ပါသည်။

## [အမျိုးအစားအလိုက် ဝင်ခွင့် လျှောက်ထားရန် လိုအပ်သည်များ]

| အုပ်စု | အသေးစိတ် အုပ်စု | အသေးစိတ် အုပ်စု | လျှောက်ထားရန် လိုအပ်သည်များ |
|---|---|---|---|
| သာမန် ကျောင်း | သာမန် ကျောင်း | • အလယ်တန်းကျောင်းအတွက် လိုအပ်သည့် ပညာရေး တတ်မြောက်မှုအပေါ်အခြေခံသည့် ဒုတိယပိုင်း ပညာရေး | • စံပြု နယ်ပယ်။ ။ မဲနှိုက်ခြင်း<br>• စံမဟုတ်သည့် နယ်ပယ်။ ကျောင်း မှတ်တမ်းများ နှင့် ဝင်ခွင့်စာမေးပွဲ စသည်တို့ |
| အထူးရည်ရွယ်ချက် အထက်တန်းကျောင်း | နိုင်ငံခြား ကျောင်း | • နိုင်ငံခြား ဘာသာစကားဖြင့် အလုပ်လုပ်ရလွယ်စေသည့် ကျောင်းပြီးသူများကို မွေးထုတ်သည် | • ကျောင်းတစ်ကျောင်းချင်းစီ၏ ဝင်ခွင့်လျှောက်ထားရန်လိုအပ်သည်များ အားဖြင့် ကိုယ်ပိုင်စိတ်ဖြင့် သင်ယူမှုကို ဆန်းစစ်ခြင်း |
| | အပြည်ပြည်ဆိုင်ရာ အထက်တန်းကျောင်း | • အပြည်ပြည်ဆိုင်ရာ အရေးအခင်းများတွင် ကျွမ်းကျင်သည့် ကျောင်းပြီးသူများကို မွေးထုတ်သည် | |
| | သိပ္ပံ အထက်တန်းကျောင်း | • သိပ္ပံဘာသာတွင် ကျွမ်းကျင်သည့် ကျောင်းပြီးသူများကို မွေးထုတ်သည် | • ကျောင်းတစ်ကျောင်းချင်းစီ၏ သီးခြား ဝင်ခွင့်လျှောက်ထားရန် လိုအပ်သည်များအားဖြင့် ကိုယ်ပိုင်စိတ်ဖြင့် သင်ယူမှု |
| | အနုပညာ/ ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး ကျောင်း | • စာပေ၊ ဂီတ၊ အနုပညာ၊ အက၊ ရုပ်ရှင်၊ စသည်တို့ အနုပညာတွင် ကျွမ်းကျင်သည့် ကျောင်းပြီးသူများကို မွေးထုတ်သည် အားကစားသမားများကို မွေးထုတ်သည် | • ကျောင်းမှတ်တမ်း၊ လူတွေ့စစ်ဆေးခြင်း နှင့် လက်တွေ့စစ်ဆေးခြင်း |
| | ကျွမ်းကျင် အထက်တန်းကျောင်း | • လုပ်ငန်းနယ်ပယ်တွင် လိုအပ်ချက်များအတိုင်း ကျွမ်းကျင်သူများကို မွေးထုတ်ရန် ရည်ရွယ်သော သီးခြား ပညာရေးသင်တန်းများကို မိတ်ဆက်ပေးသည် | • ကျောင်းမှတ်တမ်း၊ လူတွေ့စစ်ဆေးခြင်း နှင့် လက်တွေ့စစ်ဆေးခြင်း စသည်ဖြင့် |
| အထူး အထက်တန်းကျောင်း | အထူး (အလုပ်သင်) | • ဘွဲ့ရပြီးနောက်အလုပ်လုပ်လိုသောကျောင်းသားများအတွက်အသက်မွေး ဝ မ်းကျောင်းပညာ | • ကျောင်းမှတ်တမ်း၊ လူတွေ့စစ်ဆေးခြင်း နှင့် လက်တွေ့စစ်ဆေးခြင်း စသည်ဖြင့် |
| | အထူး (အခြား) | • သင်ယူသူဗဟိုပြုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရအစီအစဉ်များကိုအခြားပညာရေးလည်ပတ်မှု | |
| လွတ်လပ်သော အထက်တန်းကျောင်း | လွတ်လပ်သော ပုဂ္ဂလိက အထက်တန်းကျောင်း | • ကျောင်းတစ်ကျောင်းချင်းစီက ပညာရေးဆိုင်ရာ သင်တန်း<br>အမျိုးမျိုးကို မိတ်ဆက်ပေးပြီး သတ်မှတ်ထားသည့် ပုဂ္ဂလိက ကျောင်း၏ လွတ်လပ်မှုကို ရယူထားခြင်းဖြင့် လည်ပတ်သည် | • ကျောင်းတစ်ကျောင်းချင်းစီ၏ ဝင်ခွင့်လျှောက်ထားရန်လိုအပ်သည်များ အားဖြင့် ကိုယ်ပိုင်စိတ်ဖြင့် သင်ယူမှုကို ဆန်းစစ်ခြင်း |
| | လွတ်လပ်သော အစိုးရပိုင် အထက်တန်းကျောင်း | • ပညာရေးစနစ်ကိုတိုးတက်စေရန်နှင့်ကြီးကြပ်ရန်အတွက်ကြီးကြပ်သူကိုအသိအမှတ်ပြုပြီးမှ ကျောင်းများနှင့်သင်ရိုးညွှန်းတမ်းများကို ကိုယ်ပိုင်အုပ်ချုပ်မှုဖြင့်လည်ပတ်ရန် | • စံပြုနယ်ပယ်။ ။ မဲနှိုက်ခြင်း နှင့် သတ်မှတ်ခြင်း<br>• စံမဟုတ်သည့် နယ်ပယ်။ ။ ကျောင်း မှတ်တမ်းများ နှင့် ဝင်ခွင့်စာမေးပွဲ |
| အခြားကျောင်းများ | ပါရမီရှိသော ကလေးများအတွက် ကျောင်း | • ပါရမီရှိသော သူများကို စောစော ဖွံ့ဖြိုးတိုးတက်စေခြင်းအားဖြင့် စွမ်းဆောင်နိုင်စွမ်း နှင့် စိတ်နေစိတ်ထားကောင်းသောသူများအား ပညာရေး သင်တန်းများပေးခြင်း | • တိုက်တွန်းအားပေးခြင်း နှင့်ရွေးချယ်ရေး ကော်မတီ |

※ လျှောက်ထားခြင်းနှင့်ဆိုင်သော အသေးစိတ်အချက်အလက်များကို အထက်တန်းကျောင်း လျှောက်ထားခြင်း ဝက်ဘ်ဆိုက်ဒ် (www.hischool.go.kr)တွင် ဝင်ကြည့်နိုင်ပါသည်။

## မှတ်ချက် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်း သင်ရိုးညွှန်းတမ်း လုပ်ဆောင်မှု

### အပိုင်း နှင့် စာသင်ခန်းများကို ခွဲခြားသိရှိခြင်း

- မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများ၏ စာသင်နှစ်ကို အပိုင်း နှစ်ပိုင်း ခွဲခြားထားပါသည်
  - ပထမ အပိုင်း။ ။ မတ်လ ၁ ရက်နေ့ (မတ်လ ၁ ရက်နေ့သည် အမျိုးသားနေ့ ရုံးပိတ်ရက်ဖြစ်သောကြောင့် မတ်လ ၂ ရက်နေ့တွင် ကျောင်းစဖွင့်ပါသည်) မှ ကျောင်းစာသင်ရက် အရေအတွက်၊ စာမသင်သည့်ရက် အရေအတွက် နှင့် သက်ဆိုင်ရာ ကျောင်း၏ သင်ရိုးညွှန်းတမ်း လုပ်ဆောင်မှု တို့အရ သက်ဆိုင်ရာကျောင်း အကြီးအကဲမှ သတ်မှတ်ထားသည့် ရက်အထိ။
  - ဒုတိယ အပိုင်း။ ။ ပထမ အပိုင်း၏ နောက်ဆုံးရက်မှ နောက်လာမည့် စာသင်နှစ် ၏ ဖေဖော်ဝါရီလ နောက်ဆုံးရက်အထိ။
- စာသင်ခန်းများအား သာမန်အားဖြင့် အတန်းတူများကိုသာ အတူတက်စေရန် စီစဉ်ထားသော်လည်း လိုအပ်ပါက နှစ်တန်းကွာသော ကျောင်းသားများနှင့်လည်း တစ်တန်းတက် တက်ရောက်ရန် သတ်မှတ်ခံရနိုင်ပါသည်။

### ကျောင်းတက်ရက် နှင့် တက်ရောက်မှု

- ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်း ကွဲပြားလေ့ရှိသော်လည်း ကျောင်းအများစုတွင် **တစ်ပတ်လျှင် ၅ ရက် (တနင်္လာနေ့ မှ သောကြာနေ့အထိ) သင်ကြားပေးပြီး စာသင်နှစ် တစ်နှစ်လျှင် စုစုပေါင်း ၁၉၀ ရက်ထိ သင်ကြားပေးကြပါသည်။**
- စာသင်ရက်၏ အနည်းဆုံး ၂/၃ ကိုတက်ရောက်မှသာ ကျောင်းသားအား နောက်တစ်တန်းသို့ တက်ရောက်ရန် ခွင့်ပြုမည် ဖြစ်ပါသည်။ သို့သော်လည်း **ယဉ်ကျေးမှုမျိုးစုံမှ ကျောင်းသားသည် စာသင်နှစ်ဝက်တွင် ကျောင်းသို့ ပြောင်းရွှေ့လာခဲ့ပါက ကျောင်းအသစ်သို့ ပြောင်းလာသည့် ရက်မှ စာသင်နှစ်ကုန်ဆုံးထိရက် ၏ ၂/၃ ကို တက်ရောက်လျှင် ကျောင်းသားအား နောက်တစ်တန်းသို့ တက်ရောက်ခွင့်ပြုပါလိမ့်မည်။**
- ကျောင်းပျက်ကွက်ရသည့် အကြောင်းပြချက် ခိုင်လုံပါက သူ့ကျောင်းပျက်ရက်ကို ပျက်ကွက်သည့် ရက်အနေဖြင့် ထည့်သွင်းမည် မဟုတ်ပါ။ ကျောင်းသားသည် သဘာဝဘေးအန္တရာယ် (ငလျင်လှုပ်ခြင်း၊ မိုးကြီးခြင်း၊ နှင်းများခြင်း၊ ဆူနာမီ စသည့်)၊ ပြည်နယ်မှသတ်မှတ်သည့် ကူးစက်ရောဂါများ၊ ကျောင်းအုပ်ကြီးမှခွင့်ပြုသည့် တရားဝင် ပွဲများတွင် ပါဝင်ခြင်း၊ လက်တွေ့လေ့လာရေးသွားခြင်း၊ ဖလှယ် နှင့် အပြန်အလှန် သင်ယူခြင်း၊ ကျောင်းပြင်ပ အတွေ့အကြုံလှုပ်ရှားမှုများ (မိတ်ဆွေများ နှင့် အမျိုးများထံလည်ပတ်ခြင်း၊ မိသားစုခရီးထွက်ခြင်း၊စသည့်) မိသားစုပွဲများ တက်ရောက်ခြင်း သို့မဟုတ် ကျောင်းအုပ်ကြီးကခွင့်ပြုသည့် အခြားသော ပျက်ကွက်များကြောင့် ကျောင်းသားသည် ကျောင်းပျက်ကွက်ရခြင်းဖြစ်ကြောင်းကို ပြနိုင်သည့် သက်ဆိုင်ရာ စာရွက်စာတမ်းများကို တင်ပြရမည် ဖြစ်ပါသည်။
- ကျောင်းပြင်ပ အတွေ့အကြုံလှုပ်ရှားမှုများကို မသွားရောက်မီ ကျောင်းမှ ထုတ်ထားသည့် လျှောက်လွှာပုံစံကို ဖြည့်စွက်ပြီး အတန်းပိုင်ဆရာထံတွင် တင်ပြခဲ့ရပါမည်။ လှုပ်ရှားမှုပြီးပါက ကျောင်းသားသည် ကြုံတွေ့ခဲ့ရသည်နှင့်ပတ်သက်သည့် အတွေ့အကြုံများကို တိုတိုရေးပြီး တင်ပြရပါမည်။ ကျောင်းပြင်ပ အတွေ့အကြုံလှုပ်ရှားမှုများသည် ကျောင်း စည်းကမ်း နှင့် လုပ်ထုံးလုပ်နည်းများတွင် ဖော်ပြထားသည့် သင်ရိုးညွှန်းတမ်း ပြီးစီးခြင်းကိုမထိခိုက်စေသော အခြေအနေတွင်သာ ပြုလုပ်နိုင်ပါသည်။ ခွင့်ပြုသည့် အချိန်ကာလသည် ကျောင်းတစ်ကျောင်း နှင့်တစ်ကျောင်းကွဲပါသည်။

## အားလပ်ရက်

- သာမန်အားဖြင့် နွေရာသီ အားလပ်ရက်သည် ဇူလိုင်လကုန်ပိုင်းမှစတင်ပြီး တစ်လခန့်ကြာတတ်ပြီး ဆောင်းရာသီ အားလပ်ရက်သည် ဇန်နဝါရီလအစပိုင်းတွင် စပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် ပြီးဆုံးပါသည် ။ ကျောင်းပေါ်တွင်မူတည်ပြီး ဆောင်းရာသီ အားလပ်ရက်ကို လျှော့ချပြီး သီးခြား နွေဦးရာသီ အားလပ်ရက် (စာသင်နှစ်ကုန် အားလပ်ရက်) ကို ပေးကောင်းပေးနိုင်ပါသည်။ (နောက်နှစ်၏ ဖေဖော်ဝါရီလ မှစပြီး နှစ်ပတ်လောက်ခန့်တွင်)

## သင်ရိုးညွှန်းတမ်း ပုံဖော်ခြင်း

- မူကြိုကျောင်း သင်ရိုးညွှန်းတမ်းကို အဓိကအားဖြင့် **ဖတ်စာအုပ် သင်ကြားခြင်း** နှင့် **ဖန်တီးနိုင်သော အတွေ့အကြုံ လှုပ်ရှားမှု** ဟူ၍ခွဲခြားထားပါသည်။ **ဖန်တီးနိုင်သော အတွေ့အကြုံ လှုပ်ရှားမှုတွင် နယ်ပယ် လေးခု ပါဝင်ပါသည်။။** စိတ်ကြိုက်လှုပ်ရှားမှု၊ ကလပ် လှုပ်ရှားမှု၊ လုပ်အားပေး လှုပ်ရှားမှု နှင့် အသက်မွေးဝမ်းကြောင်း လှုပ်ရှားမှု

[ဖန်တီးနိုင်သော အတွေ့အကြုံ လှုပ်ရှားမှု နှင့် ၎င်းတို့၏ နယ်ပယ်များ]

| နယ်ပယ် | လှုပ်ရှားမှုများ | နယ်ပယ် | လှုပ်ရှားမှုများ |
|---|---|---|---|
| စိတ်ကြိုက်လှုပ်ရှားမှု များ | • လိုက်လျောညီထွေမှုအတွက် လှုပ်ရှားမှု<br>• စိတ်ကြိုက် ပြောင်းလဲနိုင်သော လှုပ်ရှားမှုများ<br>• အဖြစ်အပျက်လှုပ်ရှားမှုများ<br>• ဖန်တီးနိုင်သော အကြောင်းအရာ လှုပ်ရှားမှု များ စသည်ဖြင့် | ကလပ် လှုပ်ရှားမှုများ | • အနုပညာ နှင့် ကိုယ်လက် လေ့ကျင့်ခန်း ပညာရေး လှုပ်ရှားမှု များ<br>• ပညာရေးနှင့် ယဉ်ကျေးမှု လှုပ်ရှားမှု များ<br>• အားကစားလှုပ်ရှားမှုများ<br>• လက်တွေ့အလုပ် လှုပ်ရှားမှုများ<br>• လူငယ်အုပ်စုအလိုက် လှုပ်ရှားမှု များ စသည်ဖြင့် |
| လုပ်အားပေး လှုပ်ရှားမှု များ | • ကျောင်းပရဝုဏ် စေတနာ့ဝန်ထမ်း ဆိုင်ရာ လှုပ်ရှားမှုများ<br>• ရပ်ရွာ စေတနာ့ဝန်ထမ်း ဆိုင်ရာလှုပ်ရှားမှုများ<br>• ပတ်ဝန်းကျင်ကို ကာကွယ်သ ည့် လှုပ်ရှားမှုများ<br>• လုံခြုံမှုဆိုင်ရာ လှုပ်ရှားမှု များ စသည်ဖြင့် | အသက်မွေးဝမ်း ကြောင်း လှုပ်ရှားမှုများ | • မိမိကိုယ်ကို နားလည်စေသော လှုပ်ရှားမှုများ<br>• အသက်မွေးဝမ်းကြောင်း အလုပ် ရှာဖွေသော လှုပ်ရှားမှုများ<br>• အသက်မွေးဝမ်းကြောင်း ဒီဇိုင်း ဆိုင်ရာလှုပ်ရှားမှုများ<br>• အသက်မွေးဝမ်းကြောင်း အတွေ့အကြုံ ဆိုင်ရာ လှုပ်ရှားမှု များ စသည်ဖြင့် |

# II ကျောင်းဝင်ခွင့် နှင့် ကျောင်းပြောင်းခြင်း[2] လမ်းညွှန်

## နိုင်ငံခြားတွင် နေထိုင်ခဲ့ပြီး ကိုရီးယားသို့ ပြန်လည်ဝင်ရောက်လာသူ သို့မဟုတ် နိုင်ငံခြားသား ကျောင်းသားများအတွက်

### ကျောင်းတက်ခြင်းလား သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းလား ဆုံးဖြတ်ခြင်း

### သက်ဆိုင်ရာ ပြည်နယ်၊ မြို့များရှိ ပညာရေးထောက်ပံ့မှု ရုံးများကို ဆက်သွယ်ခြင်း

[ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းဆိုင်ရာ ဆွေးနွေးတိုင်ပင်ခြင်း]
၁။ (မူလတန်းကျောင်း) နေထိုင်ရာအနီးရှိ ကျောင်း
၂။ (အလယ်တန်း ကျောင်း) - ကျောင်း ဒေသ - သက်ဆိုင်ရာ ပြည်နယ်၊ မြို့များရှိ ပညာရေးထောက်ပံ့မှု ရုံးများ
- အလယ်တန်းကျောင်း ဒေသ - နေအိမ်အနီးရှိအလယ်တန်းကျောင်း
၃။ (အထက်တန်းကျောင်း) ကျောင်းဝင်လိုသောအထက်တန်းကျောင်း

### ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းအတွက် လိုအပ်သည့် စာရွက်စာတမ်းများ[3]

- **ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန်အတွက် လျှောက်လွှာ(မြို့ နှင့် ပြည်နယ်က ပေးသည့် ပုံစံ)**
- **ကျောင်းတက် သို့မဟုတ် ကျောင်းထွက် စာရွက်စာတမ်း သို့မဟုတ် တရားမဝင်နေထိုင်သူ မှတ်ပုံတင်အထောက်အထား (နေထိုင်ကြောင်း သက်သေ) တို့၏မိတ္တူတစ်စုံ**
  - ※ အထက်ပါ ပုံစံများကို တင်ပြရန် အခက်အခဲရှိနေပါက အိမ်နီးချင်း သို့မဟုတ် အိမ်ငှားသဘောတူစာချုပ်ကဲ့သို့သော စာဖြင့် အာမခံစာကဲ့သို့သော နေထိုင်ကြောင်းသက်သေ ဖြစ်နိုင်သည့် အခြားစာရွက်စာတမ်းများကို တင်ပြရပါမည်။
  - ※ သင်ယူအသုံးပြုနိုင်ခြင်းရှိမရှိ ထောက်ပံ့ပေးမည့် အစီအစဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ မြို့များရှိ ပညာရေးထောက်ပံ့မှု ရုံးများတွင် မေးမြန်းနိုင်ပြီး www.share.go.kr တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။
- ပညာရေးအဆင့်အတန်းကို အတည်ပြုပေးနိုင်သည့် စာရွက်စာတမ်းများ[4] (ကျောင်းအောင်လက်မှတ် သို့မဟုတ် ကျောင်းတက်ရောက်ခြင်း စာရွက်၊ အမှတ်စာရင်း စသည်ဖြင့်)

**[အသိအမှတ်ပြု ကျောင်းများကို မည်သို့ ဖော်ထုတ်ရမည်နည်း]**

| အုပ်စု | အသေးစိတ်များ |
|---|---|
| ပညာရေးဝန်ကြီးဌာန ၏ ဝက်ဘ်ဆိုက်ဒ်တွင် အတည်ပြုထားခြင်း | **•အေပိုစတီလီ သို့မဟုတ် အတိုင်ပင်ခံ၏ အတည်ပြုချက်ကို အားမကိုးဘဲ ကျောင်းအုပ်ကြီးမှ ထုတ်ပေးလိုက်သည့် စာရွက်စာတမ်းများဖြင့် အသိအမှတ်ပြုခြင်း**<br>☞ အသိအမှတ်ပြုထားသော နိုင်ငံခြားကျောင်းများစာရင်းကိုကြည့်ရန် ပညာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဒ် (www.moe.go.kr) ၏ ပင်မမန်နျူး → [မူဝါဒ] → [မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်း] တွင်ကြည့်ပါ။<br>※ စာရွက်စာတမ်း အမည်။ ။ အသိအမှတ်ပြုထားသော နိုင်ငံခြားကျောင်းများ (ရိုးရိုးပညာရေး စာရွက်စာတမ်းကိုသာလိုအပ်သောကျောင်းများ) ၏ စာရင်းနှင့် ပတ်သက်သည့် လမ်းညွှန် |
| အေပိုစတီလီ(APOSTILLE) ညီလာခံ မှတစ်ဆင့် အတည်ပြုခြင်း | • သက်ဆိုင်ရာနိုင်ငံ၏ အေပိုစတီလီ အတည်ပြု အာဏာပိုင်က အတည်ပြုထားပြီး ဖြစ်သည့် စာရွက်စာတမ်းကို တင်ပြခြင်း<br>※ အေပိုစတီလီ က အသိအမှတ်ပြုထားသည့် စာရွက်စာတမ်းသည် ကိုရီးယား သမ္မတနိုင်ငံ၏ နိုင်ငံခြားသံရုံးများ နှင့် ဥပဒေရုံးမှ အတိုင်ပင်ခံ ၏ အတည်ပြုချက်မလိုအပ်တော့သည့် တရားဝင် စာရွက်စာတမ်းဖြစ်ပါသည်။ |
| အတိုင်ပင်ခံ ၏ အတည်ပြုချက် | ဖော်ပြပါကျောင်းသည် သက်ဆိုင်ရာနိုင်ငံ၏ ပုံမှန်ကျောင်းတစ်ကျောင်းဖြစ်သည်မှာ မှန်ကန်ကြောင်း ကိုရီးယား သမ္မတနိုင်ငံ၏ နိုင်ငံခြား သံရုံးများ နှင့် ဥပဒေရုံးများမှ အတိုင်ပင်ခံ၏ အတည်ပြုချက်ရပြီးသည့် စာရွက်စာတမ်းဖြစ်ပါသည်။ |
| အခြားသော အမှုများအတွက် | လျှောက်ထားသူသည် ဖော်ပြပါကျောင်းသည် ပုံမှန် ပညာရေး အဖွဲ့အစည်း (ကျောင်းတည်ရှိသော နိုင်ငံ၏ ပညာရေးရုံးမှ အသိအမှတ်ပြုထားသည့် ကျောင်းတစ်ကျောင်း) ဖြစ်ကြောင်း လုံးဝသက်သေထူနိုင်သည့် သက်သေမျိုးကို တင်ပြရပါမည်။<br>(ကျောင်းတည်ရှိသော နိုင်ငံ၏ ပညာရေးရုံး၏ ဝက်ဘ်ဆိုက်ဒ်ပေါ်မှ အသိအမှတ်ပြုထားသည့် ကျောင်းများစာရင်း ကဲ့သို့သော ပုံနှိပ်ထားသည့် စာရွက်စာတမ်းများကို တင်ပြပါ) |

- **ကိုရီးယားနိုင်ငံရှိ ယခင်ကျောင်းများမှ ကျောင်းမှတ်တမ်းများ** (ရှိလျှင်)
  - ※ ယခင်တက်ခဲ့သည့် ကျောင်း၏ အချက်လက်များနှင့် ကျောင်းသားမှတ်တမ်းကို တောင်းရမည်ဖြစ်သည်။.
- **ကာကွယ်ဆေးထိုးပြီးကြောင်း စာရွက်စာတမ်း**[5]
  - ※ ကျောင်းသားများ ကူးစက်ရောဂါဆိုင်ရာ သတ်မှတ်ချက်လက်စွဲပါ "ပြည်ပမှ ကျောင်းပြောင်းလာသော ကျောင်းသားများဆိုင်ရာ ကူးစက်ရောဂါ ကာကွယ်တားဆီးမှု"ကို ကြည့်ရှုကိုးကားပါ။
- မြူနီစပယ် နှင့် ဒေသခံပညာရေးရုံး၏ လမ်းညွှန်ချက်အတိုင်း လိုက်နာသည့် အခြား စာရွက်စာတမ်းများ (တရားဝင် ပညာရေး ရုံးမှ အတည်ပြုချက်လိုအပ်ပါသည်)
- ထို့အပြင်ပညာရေးဆိုင်ရာ ရည်ရွယ်ချက်ဖြင့် နိုင်ငံကူးလက်မှတ်၊ သန်းခေါင်စာရင်း မိတ္တူ၊ နေထိုင်မှု မှတ်ပုံတင် မိတ္တူ (ကျောင်းသားသည် ကိုရီးယားနိုင်ငံသား ခံခွင့်ရပါလျှင်) တို့အား ကျောင်းပေါ်မူတည်ပြီး လိုအပ်ကောင်းလိုအပ်နိုင်ပါသည်။

### ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန်အတွက် သက်ဆိုင်ရာ စာရွက်စာတမ်းများ တင်ပြခြင်း

### ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်း

---

2) ကျောင်းတက်မှု - ဦးစွာ မသင်မနေရပညာရေးနှင့်ကိုက်ညီသည့် သင့်တော်သောအတန်းအဆင့်ပါဝင်ခြင်း
လွှဲပြောင်းခြင်း ဝင်ခွင့် - မသင်မနေရပညာရေးနှင့်မရပ်တန့်သောကျောင်းသားများသည်၊ ယခင်ကျောင်းကိုနောက်နှစ်အထက်တန်းအဆင့်သို့ထပ်မံတက်ရောက်ရန်သို့မဟုတ်အခြားကျောင်းသို့ပြန်လည် ဝ င်ရောက်ခြင်း။
3) ကျောင်း သို့မဟုတ် ဒေသအလိုက် ပညာရေးရုံးများပေါ်မူတည်ပြီး ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းအတွက် လိုအပ်သော စာရွက်စာတမ်းများ ကွဲပြားနိုင်ပါသည်။
4) ပညာရေးအဆင့်အတန်းကို အတည်ပြုပေးနိုင်သည့် စာရွက်စာတမ်းများတွင် ကျောင်းသားတက်ရောက်ခဲ့သည့် ကျောင်းအမျိုးအစား နှင့် ကျောင်းတက်ခဲ့သည့် ကာလနှင့်ဆိုင်သည့် အချက်အလက်များပါဝင်ရပါမည်။ ကျောင်းအောင်လက်မှတ် သို့မဟုတ် ကျောင်းတက်ရောက်ခြင်း စာရွက်တွင် ကျောင်းစတက်သည့် ရက် နှင့် ကျောင်းထွက်သည့်ရက်၊ စာသင်နှစ်၊ ကျောင်းအုပ်ကြီး၏ လက်မှတ် နှင့် တံဆိပ်တုံးများ ပါရပါမည်။
5) ကူးစက်ရောဂါ ကာကွယ်ခြင်းနှင့် စီမံခန့်ခွဲခြင်းအက်ဥပဒေ - အပိုဒ် ၂၇ (ကာကွယ်ဆေးထိုးလက်မှတ်)

# ၁။ ကျောင်းဝင်ခွင့် နှင့် ကျောင်းပြောင်းခြင်း လမ်းညွှန်

| ပညာရေး အောင်မြင်မှုများအား အသိအမှတ်ပြုရန် အတွက် လိုအပ်သော အချက်များကို စစ်ဆေးခြင်း | ➜ | ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် ကျောင်းရွေးချယ်ခြင်း နှင့် လျှောက်ထားခြင်း | ➜ | စာရွက်စာတမ်းများကို သုံးသပ်ခြင်း( သို့မဟုတ် ပညာရေး အောင်မြင်မှုများ သုံးသပ်ရေးကော်မတီက ဆန်းစစ်ခြင်း[6]) နှင့် ကျောင်းတက်ရန်သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် ခွင့်ပြုချက်ရရှိခြင်း | ➜ | ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် မှတ်ပုံတင်ခြင်း |
|---|---|---|---|---|---|---|
| မိဘများ (အုပ်ထိန်းသူ) | | မိဘများ (အုပ်ထိန်းသူ) | | ကျောင်း | | မိဘများ (အုပ်ထိန်းသူ) |

## ပညာရေး အောင်မြင်မှုများအား အသိအမှတ်ပြုရန်အတွက် လိုအပ်သော အချက်များကို စစ်ဆေးခြင်း

- ကိုရီးယားနိုင်ငံမှကျောင်း တက်ရောက်ချိန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ချိန်တွင် နိုင်ငံခြားတွင်ရရှိခဲ့သည့် ပညာရေး အောင်မြင်မှုများကို အောက်ပါအတိုင်း အသိအမှတ်ပြုခံရနိုင်ပါသည်။ ။
  - ကျောင်းပညာရေး ကို **၆ နှစ် နှင့်အထက်** တက်ရောက်ပြီးစီးခဲ့ပြီး။ ။ **မူလတန်းကျောင်းပြီးပြီ**
  - ကျောင်းပညာရေး ကို **၉ နှစ် နှင့်အထက်** တက်ရောက်ပြီးစီးခဲ့ပြီး။ ။ **အလယ်တန်းကျောင်းပြီးပြီ**
  - ကျောင်းပညာရေး ကို **၁၂ နှစ် နှင့်အထက်** တက်ရောက်ပြီးစီးခဲ့ပြီး။ ။ **အထက်တန်းကျောင်းပြီးပြီ**
- နိုင်ငံခြားတွင်ရရှိခဲ့သည့် ပညာရေး အောင်မြင်မှုများကို အောက်ပါလုပ်ထုံးလုပ်နည်းများအားဖြင့် အသိအမှတ်ပြုခံရနိုင်ပါသည်။ ။
  - ပညာရေးဝန်ကြီးဌာန ၏ **အသိအမှတ်ပြုခံထားရသည့် နိုင်ငံခြားကျောင်းများ** သည် အေပိုစတီလီထံမှ ပြန်စာ သို့မဟုတ် အတိုင်ပင်ခံ၏ အတည်ပြုချက် မလိုအပ်ဘဲ ကျောင်းအုပ်ကြီးကထုတ်ပေးသည့် စာရွက်စာတမ်းဖြင့် အသိအမှတ်ပြုခံရနိုင်ပါသည်။

    ※ အသိအမှတ်ပြုခံထားရသည့် နိုင်ငံခြား မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများ၏စာရင်းကို ပညာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဒ်တွင် ကြည့်နိုင်ပါသည်။ (www.moe.go.kr) - ပင်မမန်နျူး - မူဝါဒ - မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်း
  - ပညာရေးဝန်ကြီးဌာန၏ အသိအမှတ်ပြုနိုင်ငံခြားကျောင်းများတွင်မပါပါက မိဘများ(အုပ်ထိန်းသူများ)က ကျောင်းသည် သက်ဆိုင်ရာနိုင်ငံတွင် တည်ရှိသော ပုံမှန် ပညာရေးကျောင်းဖြစ်ကြောင်းကို လုံးဝသက်သေပြနိုင်သည့် သက်သေကို တင်ပြရမည်၊ ယင်းသို့မဟုတ်ပါက အေပိုစတီလီ သို့မဟုတ် အတိုင်ပင်ခံ၏ နိုင်တြီစာရွက်စာတမ်းသည် အတည်ပြုချက်ရရှိရန်အတွက် အရေးကြီးပါသည်။
  - **အေပိုစတီလီ ညီလာခံ အဖွဲ့ဝင်နိုင်ငံများအတွက်။ ။** ပညာရေး အောင်မြင်မှုများကို အတည်ပြုရန်အတွက် အေပိုစတီလီဖြင့် အတည်ပြုပြီးသည့် စာရွက်စာတမ်းကို ရရှိပါကဘာသာပြန်ပြီး တင်ပြရန်အတွက် နိုတြီလုပ်ပါ။ (အေပိုစတီလီ ညီလာခံ အဖွဲ့ဝင်နိုင်ငံများစာရင်းကို စာမျက်နှာ ၂၉ ရှိ [နောက်ဆက်တွဲ ၄]တွင်ကြည့်ပါ။)
  - **အေပိုစတီလီ ညီလာခံ အဖွဲ့မဝင်သောနိုင်ငံများအတွက်။ ။** ကျောင်းသည် သက်ဆိုင်ရာနိုင်ငံတွင် တည်ရှိသည့် ပုံမှန်ကျောင်းဖြစ်ကြောင်းကို အတည်ပြုရန် ကိုရီးယားသမ္မတနိုင်ငံ၏ သံရုံးများ နှင့် ဥပဒေရုံးများမှ အတိုင်ပင်ခံ၏ အတည်ပြုချက်ပါသော စာရွက်စာတမ်းကို တင်ပြပါ။ (ကိုရီးယားဥပဒေကုမ္ပဏီများမှ နိုတြီပြုလုပ်ထားခြင်းများကို လက်ခံလိမ့်မည်မဟုတ်ပါ)

6) အကယ်၍ ပညာရေးနောက်ခံကိုအသိအမှတ်မပြုရန် (သို့) ယခင်ပညာရေးနောက်ခံကိုအထောက်အထားရှိသည့်စာရွက်စာတမ်းများမရှိခြင်းသို့မဟုတ်မရှိခြင်းကြောင့်အတန်းကိုသတ်မှတ်ရန်ခက်ခဲလျှင်ပညာရေးဆိုင်ရာနောက်ခံအသိအမှတ်ပြုမှုကိုကျောင်းတွင်ပညာရေးဆိုင်ရာအောင်မြင်မှုညှိနှိုင်းရေးကော်မတီသို့မဟုတ်ပညာရပ်ဆိုင်ရာဆွေးနွေးခြင်းကော်မတီတည်ထောင်သည့်နေရာတွင်သင်ဆွေးနွေးနိုင်သည်။

## Q အကြံပြုချက်များ　အေပိုစတီလီ ဆိုသည်မှာ ဘာလဲ။

▶ အေပိုစတီလီဆိုသည်မှာ စာရွက်စာတမ်းများ၏ မှန်ကန်မှုကို စာရွက်စာတမ်းတွင်ပါသည့် ရုံးတံဆိပ်များ နှင့် လက်မှတ်များကို တိုက်စစ်ခြင်းဖြင့် အတည်ပြုပေးခြင်းကို ဆိုလိုပါသည်။ နိုင်ငံခြား သို့ ပေးပို့သော စာရွက်စာတမ်း၏ တရားဝင်မှုကို အတည်ပြုချက် ရရှိခြင်း လုပ်ငန်းစဉ်ကို အေပိုစတီလီ အတည်ပြုခြင်း ဟု ခေါ်ပြီး အေပိုစတီလီ ပါသော တရားဝင်စာရွက်စာတမ်းအား အေပိုစတီလီ ညီလာခံတွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများအတွင်းတွင် တရားဝင် စာရွက်စာတမ်းအနေဖြင့် ဆက်ဆံခံရမည် ဖြစ်ပါသည်။

※ အေပိုစတီလီ ညီလာခံတွင် လက်မှတ်ရေးထိုးထားသော နိုင်ငံများ စာရင်းကို စာမျက်နှာ ၂၄ ရှိ [နောက်ဆက်တွဲ ၄]တွင်ကြည့်ပါ။

▶ **အေပိုစတီလီ ကို မည်သို့ရယူရမည်နည်း**

① ကျောင်းသားတက်ရောက်ခဲ့သည့် နိုင်ငံခြားကျောင်းက ထုတ်ပေးသည့် ပညာရေး အောင်မြင်မှုများကို အတည်ပြုပေးသည့် စာရွက်စာတမ်း၏ ဘာသာပြန်မိတ္တူ နှင့် မူရင်း မိတ္တူ တစ်စုံကို ပြင်ဆင်ပါ။ (စာရွက်စာတမ်းများတွင် ဘာသာပြန်* နှင့်အတူ ကျောင်းအုပ်ကြီး၏လက်မှတ် နှင့် ရုံးတံဆိပ်ပါဝင်ရပါမည်)

※ ဘာသာပြန်ကို အေပိုစတီလီထံတွင် အတည်ပြုရန် မတင်ပြမီ နိုတြီလုပ်ထားပြီး ဖြစ်ရပါမည်။

② သက်ဆိုင်ရာ နိုင်ငံရှိ နိုင်ငံခြားဝန်ကြီးဌာန မှတစ်ဆင့် သို့မဟုတ် သက်ဆိုင်ရာ အေပိုစတီလီ ထုတ်ပေးသူ (အေပိုစတီလီ တွဲဆက်)မှတစ်ဆင့် အေပိုစတီလီကို ရယူပါ။

③ အေပိုစတီလီပါသည့် စာရွက်စာတမ်းကို ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းအချိန်တွင် တင်ပြချိန်တွင် အစိုးရ၏ တရားဝင် စာရွက်စာတမ်းအနေဖြင့် ဆက်ခံရမည် ဖြစ်ပါသည်။

## ↗ ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် ကျောင်းရွေးချယ်ခြင်း

- ကျောင်းတော်တော်များများသည် ယခုအခါတွင် ယဉ်ကျေးမှုပေါင်းစုံမှ ကျောင်းသားများအား ထောက်ပံ့ပေးနိုင်ရန်ကို ရီးယားဘာသာစကား နှင့် ယဉ်ကျေးမှုကို အထူးသင်ကြားပေးသော **ကိုရီးယား ဘာသာစကား သင်တန်း** နှင့် ယဉ်ကျေးမှုပေါင်းစုံမှကျောင်းသားများအတွက် အခြားကျောင်းများ ကဲ့သို့သော **ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒကျောင်းများ** လုပ်ဆောင်နေပြီဖြစ်ပါသည်။
- သင့်ကလေး ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန်အတွက် ကျောင်းရွေးချယ်ရာတွင် သင်အနေဖြင့် **သင်နေထိုင်သည့် ကျောင်းခရိုင်တွင်ရှိသည့် ကျောင်းများ၊ ပညာရေးရုံးများ နှင့် ယဉ်ကျေးမှုပေါင်းစုံ အထောက်အပံ့စင်တာများနှင့် တိုင်ပင်ဆွေးနွေးရန် အကြံပြုအပ်ပါသည်။** ဒေသခံ ပညာရေး ရုံးများ နှင့် ယဉ်ကျေးမှုပေါင်းစုံ ပညာရေးစင်တာများထံ ဆက်သွယ်ရန် အချက်အလက်များကို (စာမျက်နှာ ၁၇-၁၈) ရှိ [နောက်ဆက်တွဲ ၁]တွင် ကြည့်ပါ။

### [ ပြည်နယ် ယဉ်ကျေးမှုပေါင်းစုံပညာရေး အထောက်အကူပြုစင်တာ ဆက်သွယ်ရန်]

| ယဉ်ကျေးမှုပေါင်းစုံပညာရေး အထောက်အကူပြုစင်တာ | ဆက်သွယ်ရန် | ယဉ်ကျေးမှုပေါင်းစုံပညာရေး အထောက်အကူပြုစင်တာ | ဆက်သွယ်ရန် |
|---|---|---|---|
| ဆိုးလ်စင်တာ | 02-3999-058 | ဂမ်ဝမ်စင်တာ | 033-258-5524 |
| ဘူဆန်စင်တာ | 051-819-7062 | ချုန်ချောင်ဘုဂ်ဒိုစင်တာ | 043-210-2831~4 |
| ဒယ်ဂူးလ်စင်တာ | 053-231-3930~6 | ချုန်ချောင်နန်ဒိုစင်တာ | 041-640-7542 |
| အင်ချွန်းစင်တာ | 032-420-8265~9 | ဂျိုလာဘုဂ်စင်တာ | 063-239-3474~5 |
| ဂွမ်ဂျူစင်တာ | 062-380-4361 | ဂျိုလာနန်စင်တာ | 061-640-3330 |
| ဒယ်ဂျွန်းစင်တာ | 042-616-8856 | ဂယောင်ဆန်ဘုဂ်ဒိုစင်တာ | 054-805-3264 |
| အူဆန်စင်တာ | 052-255-8180 | ဂယောင်ဆန်နန်ဒိုစင်တာ | 055-210-5161~2 |
| ဆဲလ်ဂျွန်းစင်တာ | 044-320-2414 | ဂျယ်ဂျူစင်တာ | 064-784-9040 |
| ဂယောင်ဂီဒိုစင်တာ | 031-249-0452 | | |

## ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် လျှောက်ထားခြင်း

- လိုအပ်သော စာရွက်စာတမ်းများ ပြင်ဆင်ခြင်း နှင့် သင်သည်ကျောင်းသို့မဟုတ်ပညာရေးအထောက်အကူပြုရုံးသို့ သွားရောက်ခြင်းဖြင့် လျှောက်ထားနိုင်သည်။
- ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် လိုအပ်သော စာရွက်စာတမ်းများသည် ကျောင်းများ သို့မဟုတ် ဒေသခံ ပညာရေးရုံးများအပေါ်မူတည်ပြီး ကွဲနိုင်သော်လည်း သာမန်အားဖြင့် အောက်ပါစာရွက်စာတမ်းများကို တင်ပြရန် လိုအပ်ပါသည်။

| စာရွက်စာတမ်းများ | မှတ်ချက် |
|---|---|
| ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန်အတွက် လျှောက်လွှာ | • ကျောင်းတစ်ကျောင်းစီ သို့မဟုတ် ဒေသခံပညာရေးရုံးတစ်ခုစီက ထုတ်ဝေထားသည့် ပုံစံ |
| ကျောင်းသား၏ ကျောင်းဝင်ခြင်း နှင့် ကျောင်းထွက်ခြင်း အထောက်အထား (သို့မဟုတ် တရားမဝင်နေသူ မှတ်ပုံတင်)[7] | • လူဝင်မှုကြီးကြပ်ရေးရုံးများနှင့်နိုင်ငံခြားရုံးများသို့သွားရောက်ခြင်း<br>• လူဝင်မှုကြီးကြပ်ရေးရုံး သို့မဟုတ် အစိုးရ ၂၄ ၏ ဝက်ဘ်ဆိုက်ဒ် (www.gov.kr) ( ငွေရေးကြေးရေး ခွင့်ပြုချက် အထောက်အထား လိုအပ်ပါသည်)ထံမှ ရယူနိုင်ပါသည်။<br>※ အဆိုပါ စာရွက်စာတမ်းများကို တင်ပြရန် ခက်ခဲနေသူများသည် နေထိုင်ကြောင်းသက်သေအနေဖြင့် အိမ်နီးနားချင်းက ထုတ်ပေးသည့် စာဖြင့် သဘောတူညီချက် သို့မဟုတ် အငှားစာချုပ်ကို အထက်ပါစာရွက်စာတမ်းများအစား အသုံးပြုနိုင်ပါသည်။ |
| နိုင်ငံခြား ပညာရေး အောင်မြင်မှုများကို သက်သေပြသည့် စာရွက်စာတမ်းများ | • အောင်လက်မှတ် (သို့မဟုတ် ကျောင်းတက်ခြင်း) မူရင်း နှင့် ဘာသာပြန်ပြီး မိတ္တူ တစ်စုံ၊ အမှတ်စာရင်း စသည်ဖြင့်။<br>※ အေပိုစတီလီ အတည်ပြုချက် သို့မဟုတ် အတိုင်ပင်ခံ၏ နိုတြီ<br>※ နိုင်ငံခြားမှအသိအမှတ်ပြုပညာရေးနောက်ခံရှိသည့်ကျောင်းတစ်ခုနှင့်သက်ဆိုင်ပါက ကျောင်းအုပ်မှထုတ်ပေးသည့်စာရွက်စာတမ်းများကိုလက်ခံနိုင်သည်။<br>※ ကျောင်းအပ်နှံခြင်းနှင့်ထုတ်ပယ်သည့်နေ့နှင့်ကျောင်းနှစ်ကိုကျောင်းအုပ်မှသတ်မှတ်၊ လက်မှတ်ရေးထိုးရမည်သို့မဟုတ်တံဆိပ်ခတ်ရမည်။ |
| ကာကွယ်ဆေးထိုးပြီးကြောင်း စာရွက်စာတမ်း | • သင်နေထိုင်သည့်နေရာနားမှ အစိုးရကျန်းမာရေးစင်တာ သို့မဟုတ် အစိုးရ ၂၄ ၏ ဝက်ဘ်ဆိုက်ဒ် (www.gov.kr) (ငွေရေးကြေးရေး ခွင့်ပြုချက် အထောက်အထား လိုအပ်ပါသည်) ထံမှ ရယူနိုင်ပါသည်။ |
| ကျောင်း သို့မဟုတ် ဒေသခံ ပညာရေး ရုံးမှလိုအပ်သည့် အခြား စာရွက်စာတမ်းများ | • ကိုရီးယားမှ ယခင်ကျောင်းများ၏ ကျောင်းမှတ်တမ်းများ၊ ပုဂ္ဂိုလ်ရေးရာ အချက်အလက်များကို အသုံးပြုနိုင်ကြောင်း သဘောတူညီချက်၊ နိုင်ငံကူးလက်မှတ် မိတ္တူ၊ မိသားစု သန်းခေါင်စာရင်း၊ နေထိုင်မှု မှတ်ပုံတင် မိတ္တူ (ကျောင်းသားသည် ကိုရီးယားနိုင်ငံသားကို ရနိုင်သော အခမ်းအနားတွင်) |

## ကျောင်းတက်ရန် သို့မဟုတ် ကျောင်းပြောင်းရွှေ့ရန် မှတ်ပုံတင်ခြင်း

- **စာရွက်စာတမ်းများ သုံးသပ်ခြင်း** သို့မဟုတ် **ပညာရေး အောင်မြင်မှု ဆန်းစစ်ခြင်း ကော်မတီ** ကသုံးသပ်ထားသည့် ရလဒ်များအတိုင်း အောက်ပါအချက်များကို ထည့်သွင်းသုံးသပ်ပြီးနောက် ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းနှင့်ပတ်သက်သည့် ရလဒ်ကို ကျောင်းက အကြောင်းကြားပါလိမ့်မည်။
  - **မူလတန်းကျောင်း။** ။ နေထိုင်သည့် နေရာနားတွင်ရှိသည့် ကျောင်းတစ်ကျောင်းတွင် ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်း

7) သင်ယူအသုံးပြုနိုင်ခြင်းရှိမရှိ ထောက်ပံ့ပေးမည့် အစီအစဉ်များကို သက်ဆိုင်ရာ ပြည်နယ်၊ မြို့များရှိ ပညာရေးထောက်ပံ့မှု ရုံးများတွင် မေးမြန်းနိုင်ပြီး www.share.go.kr တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

- **အလယ်တန်းကျောင်း။** ။ ကျောင်းစာသင်နှစ်တစ်ခုစီ၏ လူလိုအပ်ချက်ပေါ်မူတည်ပြီး ခွင့်ပြုပါသည
- **အထက်တန်းကျောင်း။** ။ သင်ရိုးညွှန်းတမ်း ပြီးစီးခြင်းကို မသက်ရောက်စေသည့် အခြေအနေတွင် ကျောင်း အကြီးအကဲကခွင့်ပြုခြင်း

• ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းကိုနောက်ဆုံး ဆုံးဖြတ်ပြီးပါက မိဘများ(အုပ်ထိန်းသူ) သည် ကျောင်းသို့လာရောက်ပြီး **ကျောင်းတက်ခြင်း သို့မဟုတ် ကျောင်းပြောင်းရွှေ့ခြင်းအတွက် မှတ်ပုံတင်ခြင်း** ကို လုပ်ဆောင်ရမည်။

## ၂။ ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများ၏ ပညာရေး အဆင့်အတန်းကို သတ်မှတ်ရန် ဆန်းစစ်ခြင်း

### အတွက် ပညာရေး အောင်မြင်မှုများကို သုံးသပ်ရေး ကော်မတီယဉ်ကျေးမှုပေါင်းစုံမှ ကျောင်းသားများ

• ကျောင်းနေအရွယ်ကလေးများ ကိုရီးယားရှိမူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများကို (ကျောင်းအပ်ခြင်း၊ ကျောင်းပြောင်းခြင်း)အတွက် လျှောက်ထားရာတွင် ကျောင်းသား၏ နောက်ဆုံးပညာအရည်အချင်းအတွက် အသိအမှတ်ပြု အထောက်အထား စာရွက်စာတမ်းများ မတင်ပြနိုင်ပါက ပညာရေးအရည်အချင်းနှင့် အတန်းကိုဆုံးဖြတ်ရန် ပညာရေး အရည်အချင်းစစ်ဆေးမှုကော်မတီ၏ပြည်နယ်ရုံ သို့မဟုတ် ပညာရေးနောက်ခံကိုအသိအမှတ်ပြုပြီးအတန်းကိုဆုံးဖြတ် နိုင်သောကျောင်း၏ ပညာရေးနောက်ခံအသိအမှတ်ပြုခြင်းနှင့်ပတ်သက်သော ဆွေးနွေးခြင်းနှင့် စစ်ဆေးခြင်း တောင်းဆို နိုင်သည်။

**Q 『သိကောင်းစရာ』 ကျောင်းသားသည် ပညာအရည်အချင်းအတွက် စစ်ဆေးမှုခံယူရန် မလိုအပ် သည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။**

- ▶ ကျောင်းဝင်ခွင့်လျှောက်ထားခြင်းမရှိဘဲ အထက်တန်းကျောင်းပြီးစီးမှု အသိအမှတ်ပြုခြင်းသာ လိုအပ်သည့် အခြေအနေ
- ▶ နောက်ဆုံးပညာအရည်အချင်းအတွက် အသိအမှတ်ပြု အထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာ တင်ပြနိုင်သည့် အခါ
- ▶ ပညာရေးနောက်ခံအထောက်အထားပြရန် ခက်ခဲကြောင်း အကြောင်းပြချက်မခိုင်လုံပါက (သာမန် စာရွက်စာတမ်း လိုအပ်ခြင်း၊ နှောင့်နှေးခြင်း၊ မှားယွင်းခြင်း စသည်တို့သည် ခိုင်လုံသော အကြောင်းပြချက် မဖြစ်နိုင်ပါ)

• ပညာရေးအရည်အချင်း စစ်ဆေးမှုကော်မတီသည် ဒုက္ခသည်၊ မှီခိုနိုင်သည့် မိဘဆွေမျိုးမရှိသည့် သူ၊ မြောက်ကိုရီး ယားမှ တိမ်းရှောင်ထွက်ပြေးလာသည့် ကျောင်းသားများနှင့် ယင်းအခြေအနေမျိုး ရင်ဆိုင်နေရသဖြင့် နောက်ဆုံး ပညာရေး အထောက်အထား မတင်ပြနိုင်သောကြောင့် (ကျောင်းအပ်ခြင်း၊ ကျောင်းပြောင်းခြင်း)များဆောင်ရွက်ရန် အခက်အခဲရှိသော ကျောင်းသားများအတွက်မူ ပညာအရည်အချင်းစစ်ဆေးမှု ကော်မတီမှ စစ်ဆေးမှုပြုလုပ်ပြီး ကိုက်ညီသော အတန်းကို တက်ရောက်ခွင့် ရမည်ဖြစ်သည်။

### ပညာရေး အောင်မြင်မှုများကို သုံးသပ်ရန်အတွက် လုပ်ထုံးလုပ်နည်း

① မူလတန်းကျောင်း၊ အလယ်တန်းကျောင်း[8] အထက်တန်းကျောင်းဝင်ခွင့် - လိုချင်သောကျောင်းသို့လျှောက်ထားပါ
② အလယ်တန်းကျောင်း[9] ဝင်ခွင့်
- သင်ဝင်ရောက်လိုသောကျောင်းအပေါ်တရားစီရင်ပိုင်ခွင့်ရှိသောပညာရေးအထောက်အကူပြုရုံးသို့လျှောက်ထားပါ

8) သယ်ယူပို့ဆောင်ရေး၏အကွာအဝေးနှင့်အဆင်ပြေလွယ်ကူမှုနှင့်အခြားသောဒေသဆိုင်ရာအခြေအနေများအတွက်ထီမပါဘဲသတ်မှတ်ထားသောအလယ်တန်းကျောင်းသို့ဝင်မည့်နေရာ။
9) ကျောင်းခရိုင်တွင်နေထိုင်သည့်မူလတန်းကျောင်းနှင့်သက်ဆိုင်သောကျောင်းအုပ်စု

- ယဉ်ကျေးမှုပေါင်းစုံမှ ကျောင်းသားများအတွက် ပညာရေး အောင်မြင်မှုများကို သုံးသပ်ခြင်းသည် ပညာရေးရုံးများ သို့မဟုတ် ပညာရေး ရုံးတစ်ခုနှင့် တစ်ခု ကွာခြားနိုင်သော်လည်း သာမန်အားဖြင့် အထက်ပါ လုပ်ထုံးလုပ်နည်းအတိုင်း လုပ်ဆောင်ပြီး တင်ပါရမည့် လိုအပ်သည့် စာရွက်စာတမ်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။
  - ပညာအရည်အချင်း အထောက်အထားနှင့် အတန်းအဆုံးအဖြတ်အတွက် လျှောက်လွှာမိတ္တူ
  - နိုင်ငံကူးလက်မှတ်မိတ္တူတစ်စုံ (သို့) မွေးသက္ကရာဇ်ကိုအတည်ပြုသောတရားဝင်စာရွက်စာတမ်း ၁စုံ
  - လူဝင်မှုကြီးကြပ်ရေးအချက်အလက်အထောက်အထားမိတ္တူ (သို့မဟုတ်) နိုင်ငံခြားသားမှတ်ပုံတင် အထောက်အထား (ပြည်တွင်းနေထိုင်ခွင့်မှတ်တမ်းထောက်ခံချက) ၁စုံ

    ※ 'အထက်ပါစာရွက်စာတမ်းများကိုတင်ပြရန်ခက်ခဲပါက 'နေထိုင်ခွင့်အတည်ပြုသည့်စာရွက်စာတမ်း သို့မဟုတ် နေထိုင်ခွင့်အတွက် အာမခံချက်ကဲ့သို့သောစာရွက်စာတမ်း' အစားထိုးတင်ပြနိုင်သည်။
  - ပညာရေးအထောက်အထားနှင့်သက်ဆိုင်သောစာရွက်စာတမ်းများ (သက်ဆိုင်သော စာရွက်စာတမ်းများ ရှိပါက တင်ပြပါ)

    ※ အင်္ဂလိပ်ဘာသာမဟုတ်သော နိုင်ငံခြားဘာသာစကားဖြင့်ရေးသားထားသည့် ပညာရေးအထောက်အထားနှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို နိုတြီပြုလုပ်တင်ပြရမည်။○ ပညာရေး အောင်မြင်မှုများကို သက်သေပြနိုင်သည့် အောင်လက်မှတ် မိတ္တူ (၎င်းတို့၏ ပညာရေး အောင်မြင်မှုများကို သက်သေပါနိုင်သည့် အောင်လက်မှတ်ကို မတင်ပြနိုင်သူများမှလွဲပြီး)
- ယဉ်ကျေးမှုပေါင်းစုံမှ ကျောင်းသားများ၏ ပညာရေး အောင်မြင်မှုများကို ကိုရီးယားရှိစံကျောင်းတက်ချိန်၊ အခြားနိုင်ငံများတွင် တက်ခဲ့ရသည့် ပညာရေး၊ လက်ရှိ သင်ယူနိုင်စွမ်း နှင့် ကျောင်းသား/အုပ်ထိန်းသူ၏ ဆန္ဒအပြင် ကော်မတီသို့တင်ပြသည့် စာရွက်စာတမ်းများအပေါ်အခြေခံပြီး ဆုံးဖြတ်ရပါသည်။
- ပညာအရည်အချင်း စစ်ဆေးမှု ကော်မတီသည် ကျောင်းသား၏ နောက်ဆုံးပြီးမြောက်သည့် ပညာအရည်အချင်းကို အတည်ပြုရန်လိုအပ်ပါက နှုတ်ဖြေအင်တာဗျူးမေးခြင်း သို့မဟုတ် စာဖြင့်ရေးသားအကဲဖြတ်ခြင်းကိုပြုလုပ်နိုင်သည်။ ထို့အပြင် ထည့်သွင်းစဉ်းစားရန်လိုအပ်ပါက၊ ပညာရေးအောင်မြင်မှုအတွက်အကဲဖြတ်ခြင်းနှင့် သင်ယူခြင်းစွမ်းရည်ကို အကဲဖြတ်ခြင်းကဲ့သို့သော အဆင့်ဆုံးဖြတ်ချက်များကို ယဉ်ကျေးမှုပေါင်းစုံကျောင်းသားများနှင့် သက်ဆိုင်သည့် အထူးပြုအဖွဲ့အစည်းများမှတဆင့် ပြုလုပ်နိုင်သည်။ သို့သော်အကဲဖြတ်မှုရလဒ်သည် ပညာရေးနောက်ခံကို အသိအမှတ်ပြုရန်အကြွင်းမဲ့စံနှုန်းမဟုတ်ပါ။

# III ပညာရေးဆိုင်ရာ အထောက်အပံ့ စနစ်များ

## ၁။ ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် အဖွဲ့အစည်းများ

### ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒကျောင်းများ

- သာမန် မူကြို နှင့် မူလတန်းကျောင်း၊ အလယ်တန်းနှင့် အထက်တန်းကျောင်းများတွင် ယဉ်ကျေးမှုပေါင်းစုံ မှ ကျောင်းသားများ၏ သင်ယူနိုင်စွမ်းကို မြှင့်တင်ပေးနိုင်ရန် ယဉ်ကျေးမှုပေါင်းစုံ မှ ကျောင်းသားများအား သင်ကြားပေးရန် သီးသန့်ပြုလုပ်ထားသည့် အစီအစဉ် ရှိသည့် **ယဉ်ကျေးမှုပေါင်းစုံ ပညာရေးမူဝါဒကျောင်း** အနေဖြင့် သတ်မှတ်ထားပါသည်။
  - **ယဉ်ကျေးမှုပေါင်းစုံအား အသိပေးခြင်း အစီအစဉ်** မတူညီသောသူများကြား နားလည်သဘောပေါက်စေရန် နှင့် ဆက်ဆံရေးကောင်းစေရန်၊ ကမ္ဘာလုံး မြို့ပြပညာရေး၊ ကွဲပြားခြားနားသော ယဉ်ကျေးမှု၊ ဘက်မလိုက်ခြင်း နှင့် ခွဲခြားဆက်ဆံမှုဆန့်ကျင်ရေးပညာရေး စသည်ဖြင့်
  - **ယဉ်ကျေးမှုပေါင်းစုံမှကျောင်းသားများအတွက် သီးသန့်အစီအစဉ်။။** နှစ်ဘာသာ ပညာရေး၊ တိုင်ပင်ဆွေးနွေးခြင်း၊ သင်ယူရေး အထောက်အပံ့ (လမ်းပြခြင်း)စသည်ဖြင့်။
- ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒကျောင်းများ၏ လက်ရှိအခြေအနေကို သက်ဆိုင်ရာ ပညာရေးရုံးတွင် စုံစမ်းခြင်း သို့မဟုတ် **ယဉ်ကျေးမှုပေါင်းစုံ ပညာရေးအတွက် အမျိုးသားပညာရေးစင်တာ** (edu4mc.or.kr)၏ ဝက်ဘ်ဆိုက်ဒ်ကို လေ့လာခြင်းဖြင့် သိနိုင်ပါသည်။

### ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒကျောင်းများ (မူကြိုကျောင်းများ)

- မူကြိုကျောင်း အမျိုးအစား ယဉ်ကျေးမှုပေါင်းစုံ ပညာရေး မူဝါဒကျောင်းများက ယဉ်ကျေးမှုပေါင်းစုံမှကျောင်းသား များအား ပညာရေး အထောက်အပံ့များ(ဘာသာစကား ပညာရေး)ပေးနိုင်ရန်နှင့် ကလေးများကြား ယဉ်ကျေးမှုပေါင်းစုံ အသိစိတ်ဓာတ်များရှိစေရန်အတွက် သင်ကြားပေးနေပါသည်။
  - **ဘာသာစကား ပညာရေး** သင်ခန်းစာမတိုင်မီ နှင့် အပြီး ဘာသာစကား ဆန်းစစ်ခြင်း၊ ပေါင်းစည်း ဘာသာစကား ပညာရေး၊ တစ်ယောက်ချင်းစီ ဘာသာစကား ပညာရေး စသည်ဖြင
  - **ယဉ်ကျေးမှုပေါင်းစုံ ပညာရေး** ယဉ်ကျေးမှုပေါင်းစုံဖြင့်နေတတ်သော အကျင့်ကို မြှင့်တင်ပေးရန် နှင့် ကလေးများ၊ သင်ကြားရေးဝန်ထမ်းများ နှင့် မိဘများကြား အပြန်အလှန် နားလည်မှုကိုတိုးပွားစေမည့် သင်တန်းများ

### ယဉ်ကျေးမှုဆိုင်ရာ ပညာသင်လေ့ကျင့်ရေးကျောင်း(မူလတန်းနှင့်အလယ်တန်း)

- ယဉ်ကျေးမှုဆိုင်ရာ ပညာသင်လေ့ကျင့်ရေးကျောင်း တွင် ရှိသော မူလတန်း၊ အလယ်တန်း၊ အထက်တန်း ပညာသင်ကြားရေးစနစ်အတွက် ယဉ်ကျေးမှုဆိုင်ရာ စနစ်တကျပြုလုပ်ထားသော သင်ရိုးညွှန်တမ်းနဲ့အညီ ကျောင်းသားကျောင်းသူများကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။
  - **ယဉ်ကျေးမှုပေါင်းစုံ ပညာရေး** - ယဉ်ကျေးမှုဆိုင်ရာ ပညာရေးဆိုသည်မှာ တီထွင်ဖန်တီးနိုင်မှုနဲ့ ဆက်စပ်သော ဘာသာရပ်များသင်ကြားပေးခြင်း၊ လက်တွေ့ကွင်းဆင်း လုပ်ဆောင်စေခြင်းအားဖြင့် ကျောင်းသားများ၏ ယဉ်ကျေးမှုဆိုင်ရာ အတွေ့အကြုံများ တီထွင်နိုင်စွမ်းအား တိုးပွားစေနိုင်ပါသည်။

- **ယဉ်ကျေးမှုပေါင်းစုံကျောင်းသားများအတွက်စိတ်ကြိုက်ပညာရေး**-ယဉ်ကျေးမှုဆိုင်ရာကျောင်းသားများအတွက် စနစ်တကျပြုလုပ်ထားသော သင်ရိုးညွှန်တမ်းတွင် အခြေခံပညာသင်ကြားရေး အစီအစဉ်၊ ရရှိလာနိုင်သည့် အလုပ်အကိုင် အခွင့်အရေးများအတွက် ဆွေးနွေးတိုင်ပင်ပေးခြင်းနှင့် ဘာသာစကားနှစ်မျိုးဖြင့် သင်ကြားပေးခြင်းတို့ပါဝင်ပါသည်။

## ကိုရီးယား ဘာသာစကား သင်တန်း (သူငယ်တန်း)

- ဘာသာစကား အခက်အခဲရှိသော ကျောင်းနေအရွယ်ကလေးများအတွက် ကိုးရီးယားဘာသာစကားသင်ကြားနိုင်ဖို့ အဓိကထောက်ပံ့ပေးသော အစီအစဉ်များလည်း ပါရှိပါသည်။ ကိုးရီးယားဘာသာစကားသင်တန်းတွင် Intensive ဖြစ်တဲ့အတွက် မသိနားမလည်တာများကို ပြန်လည်မေးမြန်းလို့ရနိုင်ပြီး ကိုယ်ကာယကျန်းမာကြံခိုင်ရေး အားကစား အစီအစဥ်များ၊ လှုပ်ရှားမှု အစီအစဥ်များ ပါဝင်ကာ စနစ်တကျ လေ့ကျင့် သင်ကြားပေးသော ပညာသင်ရိုးညွှန်းတမ်းနဲ့အညီ သင်ကြားပေးပါသည်။
- သို့အပြင် ကိုးရီးယားဆိုင်ရာ ယဉ်ကျေးမှုများ အခြေခံသိသင့်သိထိုက်တာများ၊ အခြေခံကျသော ဆက်သွယ်ပြောဆိုနိုင်မှုများ၊ လူနေမှုအကျင့်စရိုက်များကို သင်ကြားပေးခြင်းဖြင့် ကိုးရီးယား လူနေမှုဘဝသမိုင်းကြောင်းကို သိရှိစေပြီး ဘာသာစကားအား အလျင်အမြန် သင်ယူတတ်မြောက်စေနိုင်ပါသည်။

## ကိုရီးယား ဘာသာစကား သင်တန်း (မူလတန်းနှင့်အလယ်တန်း)

- အလယ်အလတ်သို့တိုင်းပြည်အတွင်းသို့နိုင်ငံခြားကျောင်းသားများစွာ ဝ င်ရောက်နေသည့်အချိန်တွင်ကိုရီးယားဘာသာစကားသင်ကြားရန် အတွက်ကိုရီးယားဘာသာစကားသင်တန်းကိုပြုလုပ်သည်။
- ကိုရီးယားနိုင်ငံအလယ်ပိုင်းသို့ ဝ င်ရောက်လာသည့်နိုင်ငံခြားကျောင်းသားများ၏ဘာသာစကားနှင့်ယဉ်ကျေးမှုဆိုင်ရာ ဝိသေသလက္ခဏာများကိုကြည့်ပြီး ကိုရီးယားဘာသာစကားနှင့်ယဉ်ကျေးမှုကိုအထူးသင်ကြားပေးသည်။ သို့မှသာငင်းတို့သည်ကိုရီးယားဘဝနှင့်ကျောင်းကိုအစောပိုင်းအဆင့်များနှင့် အံဝင်ခွင်ကျဖြစ်စေနိုင်သည်။
- အကယ်၍ သင်၏ကလေးသည်သူတို့၏ကျောင်းတွင်ကိုရီးယားဘာသာစကားသင်တန်းမတက်လျှင်ကိုရီးယားဘာသာစကားပညာသင်ကြားခြင်းမှ တစ်ဆင့်ကိုရီးယားဘာသာစကားသင်တန်းအစီအစဉ်အတွက်အထောက်အပံ့ကိုသင်ရနိုင်သည်။ ကိုရီးယားဘာသာစကားသင်ကြားပို့ချမှုနှင့်အခြား ဝန်ထမ်းများကိုကိုရီးယားဘာသာစကားသင်ကြားရေး အစီအစဉ်များကိုတက်ရောက်ရန်ကျောင်းများသို့စေလွှတ်ခြင်းဖြင့်ကိုရီးယားဘာသာစကားပညာရေးကိုအထောက်အပံ့ပေးသောစနစ်ဖြစ်သည်။

## ယဉ်ကျေးမှုပေါင်းစုံ အခြား ကျောင်းများ

- လက်ရှိလေ့လာနေသည်များကို ရပ်နားပြီး သူတို့၏ စိတ်ပါဝင်စားမှုနှင့်ကိုက်ညီသည့် ပညာရေးကို ရယူလိုသည့် ယဉ်ကျေးမှုပေါင်းစုံ မှကျောင်းသားများအတွက် အသိအမှတ်ပြုခံထားရသည့် အခြားကျောင်းများ ရှိပါသည်။.
- ဒေသခံ ပညာရေး ရုံးက ဒီဇိုင်းဆွဲပြီး လည်ပတ်သည့် အသိအမှတ်ပြုခံထားရပြီး ခွင့်ပြုချက်ရ ယဉ်ကျေးမှုပေါင်းစုံ အခြားကျောင်းများ၏ အချက်အလက်များကို ပညာရေးရုံးများမှ တဆင့်မေးမြန်းစုံစမ်းနိုင်ပါသည်။

## [ယဉ်ကျေးမှုပေါင်းစုံမှ ကျောင်းသားများ၏ ပညာရေးအတွက် အသိအမှတ်ပြုခံထားရသည့် အခြားကျောင်းများ]

| ကျောင်း | အမျိုးအစား | သွင်ပြင်လက္ခဏာများ | လခ |
|---|---|---|---|
| ကမ္ဘာ့ ဆာရန်း ကျောင်း<br>(ဂုရို-ဂု၊ ဆိုးလ်)<br>globalsarang.com<br>02-6910-1004 | မူလတန်းကျောင်း | • ကိုရီးယားဘာသာစကား နှင့် အင်္ဂလိပ်စာ သို့မဟုတ် တရုတ်စာကဲ့သို့ ဒုတိယ ဘာသာစကား လေ့လာရန် ဘာသာစကားများ ပညာရေး<br>• ကျောင်းချိန်အပြီး အတန်းများ နှင့် အခမဲ့ စိတ်ဓာတ်ပိုင်း ပညာရေး<br>• တစ်တန်းလျှင် ၁ ခန်း<br>• စမ်းသပ်ကျောင်းဖြစ်ပြီး အဆင့်စနစ် မရှိပါ | အဖိုးမဲ့<br>※ ကျောင်းချိန်အပြီး အတန်းများ၊ အထူး နှင့် အလုပ်သင် အတန်းများ နှင့် စားစရာများ အတွက် ကုန်ကျစရိတ်များ ပါပြီး |
| | အလယ်တန်းကျောင်း | • အသိအမှတ်ပြုခံထားရသော အခြားကျောင်းများ (ပညာရေးကို အချိန်တစ်ခု ခန့် သင်ယူခဲ့ရပြီး ပြောင်းရွှေ့ခံရသော ကျောင်းသို့ ပြန်ပို့ပေးသည့် တရားဝင် အခြားကျောင်း | |
| ဆိုးလ် ဒီဆောင်း ခရီးသွား အထက်တန်းကျောင်း<br>(ဂွါန်နို-ဂု၊ ဆိုးလ်)<br>sds.hs.kr<br>02-6743-0510 | အထက်တန်းကျောင်း<br>(အလုပ်သင်) | • အလုပ်အကိုင်အခွင့်အလမ်းပိုကောင်းစေရန် အလုပ်သင် ပညာရေး နှင့် လူမှုရေးပိုကောင်းစေရန်အတွက် ကိုရီးယားဘာသာစကား ပညာရေး<br>• ကျောင်းသားအား သင်တန်းဆင်းလက်မှတ်များရရှိစေရန် ရည်ရွယ်သည့် စံ နှင့် အလုပ်သင် ဘာသာရပ်များ<br>• ဘာသာစကားပေါင်းစုံပြော ဆရာများကို ခန့်ထား<br>• ခရီးသွားနှင့်ဆိုင်သည်များ နှင့် ခရီးသွားလုပ်ငန်း ဝန်ဆောင်မှု ဌာနများ သင်ကြားပေး<br>• စာရွက်စာတမ်းများ ဆန်းစစ်ခြင်း နှင့် အသေးစိတ် အင်တာဗျူးခြင်းအားဖြင့် ကျောင်းသားများကို ရွေးချယ်သည် | အဖိုးမဲ့<br>※ ယူနီဖောင်း နှင့် အစားအသောက် မပါ |
| ကိုရီးယား ပိုလီတက်နက် ဒက်ဆန် အထက်တန်းကျောင်း<br>(ဂျက်ချွန်း၊ ချွန်ချန်ချို ဘတ်-ဒို)<br>kopo.ac.kr/dasom<br>043-649-2800 | အထက်တန်းကျောင်း<br>(အလုပ်သင်) | • နိုင်ငံမျိုးစုံမှ ကလေးများ (နိုင်ငံခြားတွင် နေထိုင်ခဲ့ပြီး ကိုရီးယားသို့ လာသည့် ကလေးများအပါအဝင်) အတွက် နည်းပညာသင်တန်းများ<br>• အချိန်ပြည့် ဘော်ဒါ - တစ်နိုင်ငံလုံးမှသူများ လျှောက်ထားနိုင်<br>• အားလုံးသည် အမျိုးသား နည်းပညာ အောင်လက်မှတ်များကို ရရှိမည်ဖြစ် ပါသည် (တစ်ယောက်လျှင် အောင်လက်မှတ် ၁-၈ ခုခန့် ရယူနိုင်ပါသည်)<br>• ကျောင်းသား၏ ၈၀% ကို ကုမ္ပဏီကြီးများ နှင့် နိုင်ငံပိုင် ကုမ္ပဏီများတွင် အလုပ်ဝင်နိုင်ပြီး ကျန်သောသူများက တက္ကသိုလ်ဆက်တက်ကြပါသည်။<br>• အဆင့်တိုင်းတွင် ကိုရီးယာစကား ကျွမ်းကျင်မှု၊ ကလပ် လှုပ်ရှားမှုများ၊ ယူ နက်စကို ကျောင်း ကို သင်ကြားပေးပါသည်<br>- ပညာရေး ဌာနများ။ ။ ကွန်ပြူတာ စက်မှုလက်မှု၊ စက်ရုံတည်ဆောက်ခြင်း၊ စမတ်ကျသော အီလက်ထရောနစ်<br>- ရွေးချယ်ခြင်း။ ။ စာရွက်စာတမ်းများကို လေ့လာခြင်း နှင့် အသေးစိတ် အင် တာဗျူးခြင်း (စက်တင်ဘာလ၊ ဒီဇင်ဘာလ)<br>- ကိုရီးယား ပိုလီတက်နစ် က အလုပ်အကိုင် နှင့် အလုပ်သမား ဝန်ကြီးဌာန နှင့် ပေါင်းစပ်လည်ပတ်သည့် အဖွဲ့အစည်း ဖြစ်ပါသည်။<br>※ ဝင်ခွင့်အတွက် ဆွေးနွေးခြင်း နှင့် ကျောင်းသို့ လာခြင်းကို အချိန်မရွေး ပြုလုပ်နိုင်ပါသည်။ | အဖိုးမဲ့<br>※ ကျူရှင်၊ ဘော်ဒါ ကုန်ကျစရိတ် နှင့် မုန့်ဖိုး နှင့် ကျောင်း ချိန်အပြီး အတန်းများ အတွက်ပါပါပြီး |
| အင်ချွန်း ဟန်နူရီ ကျောင်း<br>(နမ်ဒုံ-ဂု၊ အင်ချွန်း)<br>hannuri.icesc.kr<br>032-627-2250 | မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်း များကို စုပေါင်းထား ပါသည် | • တစ်နိုင်ငံလုံးမှ လျှောက်ထားနိုင်ပါသည်။ အသိအမှတ်ပြုခံထားရသည့် ယာယီ အမျိုးအစား အခြားကျောင်း (ဤကျောင်းသည် ယာယီကျောင်း -အမျိုးအစား ဖြစ်သဖြင့် ပညာရေး သင်ကြားပြီး အချိန်တစ်ခုရောက်လျှင် နဂို ပြောင်းရွှေ့ထားသည့်ကျောင်းသို့ ပြန်ရပါမည်။ : မူလတန်းကျောင်းတွင် ၆ လ၊ အလယ်တန်းနှင့်အထက်တန်း ၁ နှစ်ကို အခြေခံ၍)<br>• ပုံမှန်အများပိုင်ကျောင်းဆရာတစ်ယောက်အဖြစ်အလုပ်လုပ်ခြင်း<br>• ဘာသာစကားဒေသအလိုက်ဘာသာစကားနှစ်မျိုးသုံးသင်ကြားပို့ချသူများ (တရုတ်၊ ရုရှား၊ ဗီယက်နမ်၊ အာရဗီစသည်)<br>• မူလတန်း၊ အလယ်တန်းနှင့်အထက်တန်းကျောင်းများတွင်ကိုရီးယား ဘာသာစကား သင်ကြားပို့ချသူများနေရာချထားခြင်း<br>• ကိုရီးယားအဆင့်အားဖြင့်အတန်းအစားစစ်ဆင်ရေး<br>• အဆောင်စစ်ဆင်ရေ (တနင်္လာနေ့မှသောကြာနေ့၊ ၅ တန်းနှင့်အထက်မူလ တန်းကျောင်းသို့ဝင်နိုင်သည်)<br>• ကျောင်းကားစီးမှု (အင်ချွန်းရှိ) | လုံးဝအခမဲ့ |

| ကျောင်း | အမျိုးအစား | သွင်ပြင်လက္ခဏာများ | လခ |
|---|---|---|---|
| ဟေမေးလ် ကျောင်း<br>(ဟုန်ချွန်၊ ဂန်ဝန်း-ဒို)<br>haemillschool.gwe.ms.kr<br>033-433-8761 | အလယ်တန်းကျောင်း | • အသိအမှတ်ပြုခံထားရသည့် ကျောင်း<br>• စာသင်ခန်းအသေးစားများရှိသည့် ဘော်ဒါကျောင်း (တစ်တန်းလျှင် ကျောင်းသား ၂၀)<br>• လူမျိုးစုံကျောင်းသားများ နှင့် သာမန် ကိုရီးယားကျောင်းသားများ အတွက် တစ်ခုတည်း ပညာရေး<br>• စာသင်နှစ်ဖြင့် အတန်းမခွဲဘဲ ကျောင်းသားတစ်ယောက်ချင်းစီ၏ အဆင့်အတိုင်း သင်ကြားပေးသည်<br>• နိုင်ငံခြားတွင် နေထိုင်ခဲ့သူများအတွက် ကိုရီးယားဘာသာစကား သင်တန်းကို သင်ကြားပေးသည်<br>• နှစ်ဘာသာ ပညာရေး (တရုတ်၊ ဂျပန်၊ ဗီယက်နမ်)<br>• ကိုယ်ပိုင်စီမံသည့် ဟေ မေးလ်သမဂ္ဂကဲ့သို့သော ကျောင်းသားအဖွဲ့များရှိသည်<br>• ကျောင်းသားအား ပြည်တွင်း နှင့် နိုင်ငံခြား အသက်မွေးဝမ်းကြောင်းလမ်းများကို တွေ့ရှိစေပြီး နိုင်ငံခြားတွင် လုပ်အားပေးအဖြစ် လုပ်ဆောင်နိုင်သည် | အဖိုးမဲ့<br>※ ဘော်ဒါစရိတ် ပါဝင်ပြီး |

※ ကျောင်းအစားအစာ၊ ဘော်ဒါစရိတ်၊ ယူနီဖောင်း နှင့် သင်တန်းများအတွက် ကုန်ကျစရိတ်သည် ကျောင်းပေါ်မူတည်ပြီး ကွဲပြားပါသည်။

### အပြည်ပြည်ဆိုင်ရာ ကျောင်းများ

- အပြည်ပြည်ဆိုင်ရာ ကျောင်းများသည် နိုင်ငံခြားသားများ၏ ကလေးများ၊ နိုင်ငံခြားတွင် ၃ နှစ်နှင့် အထက်နေထိုင်ခဲ့ပြီး ကိုရီးယားသို့ပြန်လာသူများ နှင့် ကိုရီးယား ဘာသာစကား မကျွမ်းကျင်သဖြင့် သာမန်ကျောင်းများတွင် မတက်နိုင်သည့် ကိုရီးယားနိုင်ငံသားခံယူထားသူများ၏ ကလေးများအတွက် ပညာရေးကို သင်ကြားပေးနေပါသည်။
- အနည်းဆုံး မိဘတစ်ယောက်သည် နိုင်ငံခြားသားဖြစ်ပါက ကျောင်းသားသည် အပြည်ပြည်ဆိုင်ရာကျောင်းတွင် တက်ရောက်ရန် လျှောက်ထားနိုင်ပါသည်။ ကျောင်းတစ်ခုနှင့်တစ်ခု ဝင်ခွင့်ရရန် လိုအပ်သည်များမှာ မတူညီသော်လည်း လျှောက်ထားခြင်းများကို တစ်နှစ်ပတ်လုံးလက်ခံပေးနေပါသည်။
- ကျောင်းတစ်ကျောင်းချင်းစီ၏ ကျောင်းလျှောက်ထားရန် လုပ်ထုံးလုပ်နည်းများ နှင့် ကျောင်းလခများစသည့် အသေးစိတ်အချက်အလက်များကို **အပြည်ပြည်ဆိုင်ရာ ကျောင်း အချက်အလက်** ဝက်ဘ်ဆိုက်ဒ် (www.isi.go.kr) တွင် ကြည့်နိုင်ပါသည်။

## ၂။ ယဉ်ကျေးမှုပေါင်းစုံ ကျောင်းသားများအတွက် ပညာရေးဆိုင်ရာ အထောက်အပံ့များ

### လူမျိုးစုံမှကျောင်းသားများအတွက် လမ်းညွှန်သင်တန်း

- **လူမျိုးစုံမှကျောင်းသားများအတွက် လမ်းညွှန်သင်တန်းသည်** လူမျိုးစုံနောက်ခံရှိသည့် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းသားများအား ကျောင်းတက်ချိန်တွင်း နှင့် အခြေခံပညာရေး စံများကို လိုက်မီစေရန် အကူအညီပေးရန်အတွက် တက္ကသိုလ်ကျောင်းသားများ နှင့် ၁:၁ စီချပေးသော သင်တန်းဖြစ်ပါသည်။ ကျောင်းသားများသည် ဤသင်တန်းတွင် ပါဝင်ရန်အတွက် ၎င်းတို့၏ ကျောင်းများ သို့မဟုတ် ကွန်မြူနီတီ ကလေးထိန်းစင်တာများမှတစ်ဆင့် လျှောက်ထားနိုင်ပါသည်။

- ကျောင်းပြီးချိန် သို့မဟုတ် အားလပ်ရက်များတွင် တက္ကသိုလ်ကျောင်းသားများက ကျောင်းသို့လာရောက်ပြီး ၎င်းတို့၏ သင်ခန်းစာများနှင့်ပတ်သက်ပြီး လူမျိုးစုံမှကျောင်းသားများအား ကူညီပေးမည်ဖြစ်ပြီး ကျောင်းသားတစ်ယောက်သည် လမ်းညွှန်ခြင်းအား တစ်ပတ်လျှင် ၂၀နာရီ (အားလပ်ရက်များတွင် ၄၀ နာရီ)ထိ ရယူနိုင်ပါသည်။

## ၃။ အတန်း အထောက်အပံ့

### နူရီ သင်တန်းရှိ အသက် ၃-၅ နှစ်ကလေးများအတွက် အထောက်အပံ့

- မူကြိုကျောင်းတက်နေသည့် အသက် ၃ နှစ် မှ ၅ နှစ်အရွယ်ကလေးများအားလုံးသည် သူတို့၏ မိဘဝင်ငွေအဆင့်မည်မျှရှိစေကာမူ ကလေးကျူရှင်အထောက်အပံ့မှ ခံစားခွင့်ရှိပါသည်။
  ※ ကိုရီးယားနိုင်ငံသားမဟုတ်သောမွေးကင်းစကလေးငယ်များ ကူညီထောက်ပံ့မှုတွင် မပါဝင်ပါ (ဒုက္ခသည်များကို ချွင်းချက်အနေဖြင့် အသိအမှတ်ပြုသည်)
- မိဘများ(အုပ်ထိန်းသူ)သည် အက်/မီရွန်/ဒုံ ကွန်မြူနီတီ ဝန်ဆောင်မှု စင်တာသို့တိုက်ရိုက်သွားရောက်ပြီး လျှောက်ထားနိုင်သလို ဘိုဂျီရို ၏ဝက်ဘ်ဆိုက်ဒ (online.bokjiro.go.kr) မှတစ်ဆင့်လည်း လျှောက်ထားနိုင်ပါသည်။

### ဝင်ငွေနည်းမိသားစုများအတွက်ကလေးပညာသင်စရိတ်ပံ့ပိုးမှု

- အစောပိုင်းကလေးဘဝသင်ကြားရေးအထောက်အပံ့အတွက်လျှောက်ထားရန် သတ်မှတ်ချက်နှင့် ကိုက်ညီပြီး* ပုဂ္ဂလိက မူကြိုများသို့ တက်ရောက်နေသော ဝင်ငွေနည်းမိသားစုမှကလေးငယ်များ (အခြေခံလူနေမှုခံစားခွင့်ရှိသူများ၊ ဒုတိယဆင့် မိသားစုများ၊ ကြင်ဖော်မဲ့မိဘမိသားစုများ) အတွက်လစဉ် KRW ၁၀၀၀၀၀ အထိထပ်ဆောင်း ထောက်ပံ့ပေးသည်။
  * ကြိုတင်ကျောင်းအပ်ခြင်းနှင့် ဆိုင်းငံ့ခြင်း စသည်နှင့်အခြားသောလျှောက်ထားမှုများအပါအဝင်ဖြစ်သည်။
- ကျောင်းသားမိဘ (အုပ်ထိန်းသူ) နေထိုင်ရာ ရပ်ကွက်၊ မြို့နယ် လူမှုအဖွဲ့အစည်းစင်တာသို့ သွားရောက်လျှောက်ထားနိုင်သည်။

### ဝင်ငွေနည်းမိသားစုများ၏ကလေးများအတွက်ပညာရေးကုန်ကျစရိတ်နှင့်ပညာရေးအကျိုးခံစားခွင့်များအတွက်ပံ့ပိုးမှု

- မူလတန်းကျောင်း နှင့် အလယ်တန်းကျောင်း အတွက် ကုန်ကျစရိတ် (ကျောင်းလျှောက်ထားရန် နှင့် ကျူရှင်လခများကဲ့သို့)ကို မကောက်ခံသော်လည်း မိဘများက ကျောင်းအစားအစာ၊ လေ့လာရေးခရီး၊ နှင့် ကျောင်းချိန်အပြီး သင်တန်းများအတွက် ပိုက်ဆံပေးရပါမည်။ အဆိုပါ ငွေပေးချေခြင်းကို ပြုလုပ်ချိန်တွင် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများ၏ စာရင်းထဲသို့ သတ်မှတ်ထားသည့်ရက်တွင် ငွေလွှဲပေးသည့် စနစ်တစ်ခုဖြစ်သည့် ကျောင်းဘဏ်လုပ်ငန်းကို အသုံးပြုခြင်းဖြင့် အဆင်ပြေနိုင်ပါသည်။
- ပညာရေးအခကြေးငွေများကို ONE-CLICK (oneclick.moe.go.kr) သို့မဟုတ်သက်သာချောင်ချိရေးဝက်ဘ်ဆိုက် (online.bokjiro.go.kr) မှ တဆင့်လျှောက်ထားနိုင်သည်။ (ခွင့်ပြုချက်လက်မှတ်ရရှိရန်လိုအပ်သည်)

**Q အကြံပြုချက်များ** **ကျောင်းဘဏ်လုပ်ငန်း(School Banking)**

▶ မသင်မနေရပညာရေးသင်တန်းများဖြစ်သည့်မူလတန်းနှင့်အငယ်တန်းအထက်တန်းကျောင်း (ဝ င်ကြေး၊ ကျူရှင်စသည်)သည်အခမဲ့ဖြစ်သည်။ သို့သော်အစားအစာများ၊ ကွင်းဆင်းလေ့လာမှုများနှင့်ကျောင်းအပြင်ကျောင်းများအတွက်ကုန်ကျစရိတ်များအတွက်မိဘများကတာဝန်ရှိသည်။ ဤကိစ္စတွင်မူလတန်း၊အငယ်တန်းနှင့်အထက်တန်းကျောင်းများမှငွေပေးချေမှုများကိုကျောင်းအကောင့်သို့အလိုအလျောက်လွှဲပြောင်းပေးသောကျောင်းဘဏ်လုပ်ငန်းကို အသုံးပြုရန်အဆင်ပြေသည်။

# ၄။ ကျောင်းတက်ရာတွင် အထောက်အပံ့

## ဝီ အတန်း (ကျောင်းဆွေးနွေးခန်း)

- ကျောင်းတွင် ပြုလုပ်ထားသည့် ဆွေးနွေးခန်းတစ်ခုဖြစ်သည့် ဝီ အတန်းတွင် ဆက်ဆံရေးအားနည်းခြင်း၊ ကျောင်းတွင် အကြမ်းဖက်မှု နှင့် စည်းကမ်းဖောက်ဖျက်မှုများကဲ့သို့ အကြောင်းကြောင်းကြောင့် ကျောင်းတက်ချိန်တွင် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့် ကျောင်းသားများအတွက် တိုင်ပင်ဆွေးနွေးသည့် ဝန်ဆောင်မှုများကို ပေးနေပါသည်။
- သင့်ကလေးကျောင်းတွင် ဝီအတန်း မရှိပါက သင့်ကလေး၏ ကျောင်းခရိုင်အတွင်းရှိ ပညာရေးရုံး၏ ဝီ စင်တာ မှတစ်ဆင့် အလားတူဝန်ဆောင်မှုမျိုးကို တောင်းဆိုနိုင်ပါသည်။

## ဝီ စင်တာ (ပညာရေး ရုံးအောက်ရှိ ကျောင်းသားဆွေးနွေး အထောက်အပံ့ပေး စင်တာ)

- ဝီ စင်တာသည် ကျောင်းသားများကိုယ်တိုင်မဖြေရှင်းနိုင်မည့် ကိစ္စရပ်များအတွက် လမ်းညွှန်ပေးရန်လိုအပ်သော ကျောင်းသားများအတွက် ပညာရေးရုံးက တည်ထောင်ပေးထားသည့် ဆွေးနွေးတိုင်ပင်ဌာနဖြစ်ပြီး အတိုင်ပင်ခံ ဝန်ဆောင်မှုများ နှင့် အထူးပညာရေးများအပါအဝင် တစ်ယောက်ချင်းစီအတွက် သီးခြားဝန်ဆောင်မှုများကို ပေးနေပြီး ကျောင်းသားကျောင်းထွက်ခြင်းကို ကာကွယ်ပေးနိုင်ပါသည်။
- ဝီ စင်တာသည် မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းသားများအားလုံးအတွက် ဝန်ဆောင်မှုများကို အခမဲ့ လုပ်ဆောင်ပေးနေပါသည်။ ကျောင်းသားသည် ကျောင်းထံမှ ခွင့်ပြုချက်ဖြင့် အသုံးပြုနိုင်ပြီး ၄င်းကို အသုံးပြုခြင်းသည် အတန်းတက်နေခြင်းနှင့်အလားတူပါသည်။

## ဝီ ကျောင်း (ဒေသခံ ပညာရေးရုံး)

- သက်သာရာရရန် သို့မဟုတ် ပညာရေးအတွက် အချိန်အများကြီးလိုသော ကျောင်းသားများ သို့မဟုတ် အဖြစ်အပျက်ဆိုးတစ်ခုခုကြောင့် ကျောင်းနားလိုက်ရသောသူများသည် သက်ဆိုင်ရာ ဒေသခံ ပညာရေးရုံးတွင် ရှိသည့် ဝီ ကျောင်းတွင် အခြားပညာရေးဆိုင်ရာ ဘော်ဒါကျောင်းအပါအဝင် အမျိုးမျိုးသော ပညာရေးဝန်ဆောင်မှုများကို ရယူနိုင်ပါသည်။

## ကျောင်းအကြမ်းဖက်မှုဆန့်ကျင်ရေး ဒေသန္တရဘုတ်အဖွဲ့



- ကျောင်းတွင်း အကြမ်းဖက်မှုများကို ကာကွယ်ရန်၊ ဖြေရှင်းရန် နှင့် အနိုင်ကျင့်သူ နှင့် အနိုင်ကျင့်ခံရသူများကြား ဖြေရှင်းရန်စသည့် ကျောင်းတွင်းအကြမ်းဖက်မှုများအတွက် တာဝန်ရှိသည့် ကျောင်းအကြမ်းဖက်မှုဆန့်ကျင်ရေး ဒေသန္တရဘုတ်အဖွဲ့ကို ကျောင်းတိုင်းက ဖွဲ့စည်းပေးထားပါသည်။
- ကျောင်းသားတစ်ယောက် အနိုင်ကျင်ခံရပါက မိဘများ(သို့မဟုတ် အုပ်ထိန်းသူများ)သည် ကျောင်းအကြမ်းဖက်မှုဆန့်ကျင်ရေး အထူးအဖွဲ့အစည်းထံသို့ ကလေး၏အတန်းပိုင်ဆရာမှတစ်ဆင့်သော်လည်းကောင်း၊ ကျောင်းအကြမ်းဖက်မှုဆန့်ကျင်ရေး ဒေသန္တရဘုတ်အဖွဲ့ထံသို့ တိုက်ရိုက်သော်လည်းကောင်း တိုင်ကြားနိုင်ပါသည်။

## Q အကြံပြုချက်များ — ကျောင်းတွင်းအကြမ်းဖက်မှုများကို ဖြေရှင်းနည်းများ

- ▶ ကျောင်းအကြမ်းဖက်မှုများဆိုသည်မှာ ကျောင်းဝန်းအတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ ကျောင်းသားတစ်ယောက်အား ကိုယ်ခန္ဓာနှင့် စိတ်အနာတရဖြစ်အောင် ရန်ဖြစ်ခြင်း၊ ထိုးနှက်ခြင်း၊ နှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖျားယောင်းခြင်း၊ စော်ကားခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ အတင်းအကြပ်စေခိုင်းခြင်း၊ လိင်ပိုင်းကျူးကျော်ခြင်း၊ အနိုင်ကျင့်ခြင်း သို့မဟုတ် ဆိုက်ဘာအနိုင်ကျင့်ခြင်း သို့မဟုတ် အချက်အလက် နှင့် ဆက်သွယ်ရေး ကွန်ယက်မှတစ်ဆင့် မမှန်ကန်သော တိုက်ခိုက်သော အချက်အလက်များဖြန့်ဝေခြင်းတို့ပြုလုပ်ခြင်းကို ဆိုလိုပါသည်။ "အသေးစား စော်ကားမှု" သို့မဟုတ် ကျောင်းသားများအနေဖြင့် "စနောက်ခြင်း"သည်လည်း ကျောင်းတွင်းအကြမ်းဖက်မှုတွင် ပါဝင်ပါသည်။
- ▶ သင့်ကလေးသည် ကျောင်းတွင် အကြမ်းဖက်ခံရသည်ဟု တွေ့ရှိပါက သင့်ကလေး၏အတန်းပိုင်းဆရာ နှင့် ချိန်းတွေ့ဆုံပြီး ခံစားရသည်များအကြောင်းအသေးစိတ်ကို တိုင်ပင်ပါ။ အရေးပေါ် ကယ်တင်ရန်၊ အကာအကွယ်ပေးရန် သို့မဟုတ် တိုင်ပင်ဆွေးနွေးရန်အတွက် အထောက်အပံ့များလိုအပ်ပါက ကျောင်းတွင်း အကြမ်းဖက်မှု တိုင်ကြားရန် စင်တာ သို့ ဧရိယာကုဒ်မပါဘဲ ၁၁၇ သို့ဖုန်းဆက်ပါ (လက်ကိုင်ဖုန်းမှဆက်ပါက ဧရိယာကုဒ် + ၁၁၇)ကို ဆက်ပါ။

## နောက်ဆက်တွဲ ၁ "ကိုရီးယား ပညာရေး စနစ်၊ နှင့်လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်အကြောင်း ဗီဒီယိုလမ်းညွှန်"

- မူကြိုအကြို သို့မဟုတ် မူလတန်းကျောင်းအရွယ် ကလေးရှိသော လူမျိုးစုံမိသားစုမှ မိဘများအား ကျောင်း၏အချက်အလက်များအကြောင်း ပိုမိုနားလည်ရန် ကူညီပေးနိုင်သည့်**"ကိုရီးယား ပညာရေး စနစ်၊ နှင့်လျှောက်ထားခြင်းဆိုင်ရာ အချက်အလက်အကြောင်း ဗီဒီယိုလမ်းညွှန်"** တွင်စုစုပေါင်း ခြောက်ပိုင်း (တစ်ပိုင်းလျှင် မိနစ် 20 စီခန့်)ရှိပါသည်။
- ဗီဒီယိုတွင် ကိုရီးယား ကျောင်းစနစ် နှင့် ကျောင်းသားဘဝအကြောင်း၊ မူလတန်းကျောင်း ကျောင်းလျှောက်ထားခြင်း မှ ကျောင်းပြီးသည်အထိ အချက်အလက်များကို တင်ပြပေးထားပြီး ၄င်းအချက်အလက်များကို ယဉ်ကျေးမှု မျိုးစုံ ပညာရေး အတွက် အမျိုးသားစင်တာ (edu4mc.or.kr)။ အဓိက ကောလိပ်ဟတ်ဘ်တက္ကသိုလ် (hub.knou.ac.kr) နှင့် ဒန်ယူရီ (liveinkorea.kr)တို့၏ ဝက်ဘ်ဆိုက်ဒ်များတွင်လည်း ကြည့်နိုင်ပါသည်။
- ၄င်းဗီဒီယိုကို ကိုရီးယာ ဘာသာဖြင့် ရိုက်ကူးထားပြီး စာတမ်းထိုးခြင်းကို ဘာသာငါးမျိုးဖြင့် ကြည့်နိုင်ပါသည်။(ဗီယက်နမ်၊ တရုတ်၊ ဂျပန်၊ အင်္ဂလိပ် နှင့် ရုရှ

| အပိုင်း | ခေါင်းစဉ် | အဓိကစကားလုံး | ဗီဒီယို |
|---|---|---|---|
| ၁ | ကိုရီးယားကျောင်းများအကြောင်း လေ့လာကြရအောင် | နေ့ကလေးထိန်းစင်တာ၊ မူကြို၊ မူလတန်း / အလယ်တန်း / အထက်တန်းကျောင်း၊ ကောလိပ်ပညာရေး အဖွဲ့အစည်းများ၊ မသင်မနေရပညာရေး |  |
| ၂ | မူလတန်းကျောင်းသို့ လျှောက်ထားရန် မည်သည့်အရာများကို ပြင်ဆင်ရမည်နည်း။ | ကျောင်းတက်ရန် အကြောင်းကြားစာ၊ အကြိုခေါ်သည့် ရက်စွဲ၊ နေ့ကလေးထိန်း အတန်း၊ ကျောင်းချိန်အပြီး အတန်း၊ ကျောင်းသတင်းစာ |  |
| ၃ | မူလတန်းကျောင်းသားတစ်ယောက်၏ ကျောင်းတနေ့တာအကြောင်း နှင့် စာသင်နှစ်အကြောင်း လေ့လာကြရအောင် | အဓိကအခမ်းအနားများ၊ ဘာသာရပ်များ၊ စာသင်ခန်းများ၊ အစားအစာ၊ ကွင်းဆင်း အတွေ့အကြုံ၊ နွေရာသီပိတ်ရက်၊ ကွင်းဆင်းမည့်ရက်၊ ပိတ်ရက်တို |  |
| ၄ | မူလတန်းကျောင်းသားတစ်ယောက်အား မည်သို့ ပြုစုပျိုးထောင်ရမည်နည်း။ | ကလေးပြုစုပျိုးထောင်ခြင်း၊ မရှိမဖြစ်ကျောင်းသုံးပစ္စည်းများ၊ အိမ်စာဒိုင်ယာရီ၊ ဘေးကင်းသည့်သွားလာရေး၊ မတော်တဆမှု ဖြစ်ပွားခြင်း ကာကွယ်ခြင်း |  |
| ၅ | သင့်ကလေး၏ အိမ်စာ နှင့် ကျောင်းစာများအား သင်မည်သို့ ကူညီသင့်သနည်း။ | စာများ၊ အိမ်စာအမျိုးအစား၊ စာလုံးပေါင်း၊ ဂျာနယ်၊ အဖတ်၊ စွမ်းဆောင်နိုင်စွမ်း သုံးသပ်မှုများဖြင့် ကူညီနိုင်ပါသည် |  |
| ၆ | ကလေးသည် မူလတန်းကျောင်းပြီးလျှင် ကျွန်ုပ်ဘာဆက်လုပ်ရမည်နည်း။<br>(ကလေး၏ အသက်မွေးဝမ်းကြောင်း နှင့် ကျောင်းလျှောက်ထားခြင်းဆိုင်ရာ အချက်အလက်) | မူလတန်းကျောင်းပြီးနောက် လုပ်ဆောင်ရမည်များ၊ စိတ်နေစိတ်ထား၊ ကျောင်းလျှောက်ထားခြင်းများ၊ အသက်မွေးဝမ်းကြောင်း၊ အလုပ်အကိုင်၊ လိုင်စင်များ၊ အချက်အလက်များရယူခြင်း |  |

## နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

### [မူကြို နှင့်ပတ်သက်သည့် အသုံးအနှုန်း (ဥပမာများ)]

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 원아<br>(မူကြိုကျောင်းသား) | မူကြိုကျောင်းတက်နေသည့် ကလေး အသက် သုံးနှစ် အရွယ် ကလေးမှ မူလတန်းကျောင်းတက်အသက် (ပုံမှန်အားဖြင့် ၅ နှစ်)ထိ မူကြိုတက်ကြပါသည် |
| 학부모<br>(မိဘ) | မိခင် သို့မဟုတ် ဖခင်ကဲ့သို့သော မူကြိုကျောင်းသား၏ အုပ်ထိန်းသူ |
| 등원<br>(ကျောင်းတက်ချိန်) | မူကြိုကျောင်းသား မူကြိုကျောင်းသို့ရောက်လာပြီး ပညာရေးလှုပ်ရှားမှုများကို စတင်သည် |
| 하원<br>(ကျောင်းဆင်းချိန်) | မူကြိုကျောင်းသားသည် မူကြိုကျောင်းတွင် ပညာရေးလှုပ်ရှားမှုများကို ပြီးစီးပြီး အိမ်သို့ပြန်သည် |
| 놀이<br>(ကိုယ်ကာယကျန်းမာကြံ့ခိုင်ရေး အားကစား အစီအစဉ်များ) | သူငယ်တန်းကလေးများအတွက် အခန်းအတွင်း ကစားနိုင်သော လေ့ကျင့်သင်ကြားခြင်း (ကဗျာရွတ်ဆိုခြင်း၊ ပြဇာတ်ကခြင်း၊ သိပ္ပံဘာသာရပ်၊ အနုပညာနှင့်ဆိုင်သော သင်ခန်းစာများ လေ့ကျင့်သင်ကြားပေးခြင်း) အခန်းပြင်ပလှုပ်ရှားမှုအဖြစ် (ကိုယ်လက်လှုပ်ရှားအားကစားအစီအစဉ်များ၊ လေ့ကျင့်ရေး ကိရိယာများ ထောက်ပံ့ပေးခြင်း၊ ရေနှင့် သဲများဖြင့် ဆော့ကစားစေခြင်း၊ ပြင်ပဗဟုသုတများ သွားရောက်လေ့လာခြင်း တို့ ပါဝင်သင်ကြားပေးပါမည်။ |
| 급식<br>(နေ့လည်စာ) | မူကြိုကျောင်းသားများအား မူကြိုကျောင်းမှ နေ့လည်စာကျွေးပါသည်။ |
| 가정통신문<br>(ကျောင်းသတင်းစာ) | မူကြိုကျောင်း၏ ပညာရေးလှုပ်ရှားမှုများ၊ မိဘများကိုပညာပေးများ နှင့် ကလေးများကိုပညာပေးခြင်း အချက်အလက်များပါသည့် သတင်းစာ |
| 방과후 과정<br>(ကျောင်းချိန်နောက်ပိုင်း အတန်း) | ကျောင်းပြင်ပသင်ကြားရေးဆိုသည်မှာ သင်ရိုးညွှန်တမ်း သင်ကြားရေးစနစ်တွင် မပါဝင်သော ကလေးငယ်များအား ပြုစုစောင့်ရှောက်ပေးမှု အစီအစဉ်များကို ခေါ်ဆိုခြင်း ဖြစ်ပါသည်။ |
| 아침, 저녁, 온종일 돌봄<br>(မနက်ပိုင်း၊ ညနေပိုင်း နှင့် တစ်နေ့လုံး ကလေးထိန်း) | ပုံမှန်ပညာရေးအတန်းများမတိုင်မီ နှင့် အတန်းများပြီးချိန်တွင် ကလေးထိန်းပေးရန်လိုသည့် ဝင်ငွေနှစ်ခုရရှိသော မိသားစု သို့မဟုတ် မိဘတစ်ယောက်တည်းရှိသော မိသားစုများမှ ကလေးငယ်များအတက် ပညာရေးလှုပ်ရှားမှုများ။ သာမန်အားဖြင့် အနားယူခြင်း နှင့် ကလေးထိန်းလှုပ်ရှားမှုများပါဝင်ပါသည်။ |
| 방과후 교사<br>(ကျောင်းချိန်နောက်ပိုင်း အတန်း ဆရာ) | ကျောင်းချိန်နောက်ပိုင်း အတန်း များအတွက်တာဝန်ခံဆရာ |
| 원장<br>(ကျောင်းအုပ်ကြီး) | မူကြိုကျောင်း၏ လည်ပတ်မှုနှင့် ကြီးကြပ်မှုအားလုံးကို တာဝန်ခံရသည့် ပုဂ္ဂိုလ် |
| 원감<br>(ဒုတိယ-ကျောင်းအုပ်ကြီး) | ကျောင်းအုပ်ကြီးကို ကူညီရပြီး မူကြိုကျောင်း၏ လည်ပတ်မှုကို အထောက်အပံ့ပေးရသည့် အလယ်အလတ်အဆင့် မန်နေဂျာ |
| 교원능력개발평가<br>(학부모만족도조사)<br>(ဌာန၏ စွမ်းရည် ဖွံ့ဖြိုးတိုးတက်မှု သုံးသပ်ခြင်း<br>(မိဘ စိတ်ကျေနပ်မှု ဆန်းစစ်လွှာ)) | မူကြိုကျောင်းဆရာ၊ ဒုတိယ-ကျောင်းအုပ်ကြီး နှင့် ကျောင်းအုပ်ကြီးများအပေါ် မိဘ စိတ်ကျေနပ်မှုကို အွန်လိုင်းမှ ဆန်းစစ်ခြင်း |
| 유치원운영위원회<br>(လုပ်ကိုင်ဆောင်ရွက်ရေး ကော်မတီ) | ဌာန၏ကိုယ်စားလှယ်များ နှင့် မိဘများ၏ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး အရေးကြီးသည့် ပညာရေးလှုပ်ရှားမှုများကို သုံးသပ်ခြင်း နှင့် အကြံပေးခြင်းများကို လုပ်ဆောင်သည့် အဖွဲ့အစည်း |
| 원비<br>(မူကြိုကျောင်း ကျူရှင်ခ) | ပညာရေး ဝန်ဆောင်မှုများအတွက် မူကြိုကျောင်းသို့ ပေးရသည့် ကျူရှင်ခ |
| 행정실<br>(စီမံခန့်ခွဲရေး ရုံး) | မူကြိုကျောင်း၏ ကျူရှင်ခ နှင့် လှုပ်ရှားမှုစရိတ်များစသည့် ငွေရေးကြေးရေးများကို လုပ်ဆောင်သည့် ရုံး |

## နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

### [မူကြို နှင့်ပတ်သက်သည့် အသုံးအနှုန်း (ဥပမာများ)]

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 스쿨뱅킹<br>(ကျောင်း ဘဏ်လုပ်ငန်း) | (School Banking) ပညာရေး စရိတ်များ(လေ့လာရေးခရီးစရိတ်၊ စသည်ဖြင့်) အတွက် အလိုအလျောက် ကြေးနန်းငွေလွှဲစနစ်၊ မိဘများသည် မူကြိုကျောင်း၏ ဘဏ်စာရင်းထဲသို့ အီလက်ထရောနစ်နည်းဖြင့် ငွေလွှဲပေးခြင်း |
| 유아 모집<br>(ကျောင်းလျှောက်ထားခြင်းများ) | ကလေးအား မူကြိုကျောင်းတွင် တက်ရန်အတွက် လျှောက်ထားခြင်း၊ မဲနှိုက်ခြင်း၊ မှတ်ပုံတင်ခြင်း စသည့် လုပ်ငန်းများ |
| 오리엔테이션<br>(မိတ်ဆက်ခြင်း) | (Orientation) အသစ်တက်ရမည့်ကျောင်းသားများ၏ မိဘများအား မူကြိုကျောင်း၏ပညာရေးလုပ်ငန်းများ၊ အခမ်းအနားများစသည့် တို့အကြောင်းကို အသိပေးသည့်ရက် |
| 입학식<br>(ကျောင်းစတက်သည့်) | မူကြိုကျောင်းတွင် ပထမဆုံးစတက်သည့် မူကြိုကျောင်းသားများအား ကြိုဆိုသည့် အခမ်းအနား |
| 현장체험학습<br>(လေ့လာရေးခရီးများ) | ကျောင်းသင်ရိုးညွှန်းတမ်းပါစီမံကိန်းအတိုင်း သင်ယူရန်အတွက်လိုအပ်သည့် ပစ္စည်းများဖြင့် အမှန်တကယ်အလုပ်ခွင်သို့ သွားရောက်လေ့လာပြီး ဗဟုသုတ နှင့် အချက်အလျက်များကို သင်ယူသည့် လေ့လာရေးလှုပ်ရှားမှုများ (ဥပမာ။ ။ နွေရာသီ နှင့် နှောင်းပိုင်း လေ့လာရေးခရီး၊ ကျောင်းခရီး၊ အသက်မွေးဝမ်းကြောင်း အတွေ့အကြုံ စသည်ဖြင့်) |
| 운동회<br>(စာသင်ခန်းပြင်ပ အတွေ့အကြုံ လှုပ်ရှားမှုများ) | ၄င်းသည် လေ့လာရေးခရီး၊ မတူညီသည့် ယဉ်ကျေးမှုများကိုကို တိုက်ရိုက်အတွေ့အကြုံအားဖြင့် ခံစားခြင်း နှင့် တစ်ယောက်ချင်းစီ၏ စီမံကိန်းများကို ကျောင်းအုပ်ကြီး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သော အလုပ်အကိုင်အတွေ့အကြုံများမှ အတွေ့အကြုံရယူခြင်းလုပ်ငန်းဖြစ်ပါသည်။ (ဥပမာ။ ။ လေ့လာသင်ယူရန် ယဉ်ကျေးမှုနေရာများသို့ သွားခြင်း၊ မိသားစုများထံ သွားရောက်ခြင်း၊ မိဘများအား သားသမီးဝတ္တရား ကျေပွန်ခြင်း စသည်ဖြင့်) |
| 학부모상담<br>(မိဘ-ဆရာ ညီလာခံ) | မူကြိုကျောင်းတွင် တက်ရခြင်းနှင့်ပတ်သက်ပြီး မိဘများ နှင့် ဆရာများ ၁:၁ ချင်းဆွေးနွေးခြင်း သို့မဟုတ် ဖြေရှင်းရမည့် ကိစ္စရပ်များအကြောင်း ဆွေးနွေးခြင်း |
| 학부모 공개수업<br>(မိဘများ စာသင်ခန်းကို လာရောက်လည်ပတ်ခြင်း◌ံ) | မူကြိုကျောင်းရှိစာသင်ခန်းများအား မိဘများလာရောက်လည်ပတ်နိုင်သည့် ရက် |
| 방학<br>(အားလပ်ရက်) | အပိုင်း အပြီး သို့မဟုတ် ကျောင်းစာသင်နှစ်အပြီးတွင် မူကြိုတန်းများ ပိတ်ခြင်း နွေရာသီ အားလပ်ရက် နှင့် ဆောင်းရာသီ အားလပ်ရက်ဟူ၍ရှိပါသည်။ (နွေရာသီ အားလပ်ရက်၊ ဆောင်းရာသီအားလပ်ရက်၊ နွေဦးအားလပ်ရက် စသည်ဖြင့်) |
| 개학식<br>(ကျောင်းပြန်တက်သည့်) | မူကြိုကျောင်းတွင်အားလပ်ရက်ပြီးဆုံးခြင်း နှင့် ပုံမှန်အတန်းများပြန်လည်စတင်ခြင်းကို အသိအမှတ်ပြုသည့် အခမ်းအနား |
| 개원기념일<br>(မူကြိုကျောင်း နှစ်ပတ်လည်ပွဲ) | မူကြိုကျောင်းသည် မူကြိုကျောင်းဖွင့်ခြင်း နှစ်ပတ်လည်အခမ်းအနားကို တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်ပါသည် |
| 재량휴업일<br>(သီးခြား အားလပ်ရက) | မူကြိုကျောင်း၏ သီးခြား ဆုံးဖြတ်ချက်ဖြင့် တစ်နေ့လုံး သို့မဟုတ် အချိန်ပိုင်း ပိတ်ခြင်း |
| 졸업식<br>(ကျောင်းဆင်းအခမ်းအနား) | ပညာရေးသင်တန်းများကို စည်းကမ်းနှင့်အညီ ပြီးဆုံးပြီးနောက် ကျောင်းဆင်းအောင်လက်မှတ်များ ပေးအပ်သည့် အခမ်းအနား။ ငါးနှစ်အရွယ်များကို ပေးအပ်ခြင်း |
| 수료식<br>(ကျောင်းပိတ် အခမ်းအနား) | မူကြိုကျောင်း စာသင်နှစ်တစ်နှစ်ပြီးချိန်တွင် ပြုလုပ်သည့် အခမ်းအနား။ ၃ နှစ် နှင့် ၄နှစ် အရွယ်များကို ပေးအပ်ခြင်း |

※ အသုံးအနှုန်းများသည် နေရာ နှင့် မူကြိုကျောင်းပေါ်မူတည်ပြီး ကွဲပြားနိုင်ပါသည်။

# နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

**[မူလတန်းကျောင်းသားဘဝ နှင့်သက်ဆိုင်သော အသုံးအနှုန်းများ (ဥပမာများ)]**

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 주간<br>(သီတင်းပတ်) | တနင်္လာနေ့ မှ တနင်္ဂနွေအထိ ကာလ |
| 학기<br>(အပိုင်း) | ကျောင်းအလုပ်များအတွက် လိုအပ်သလို ခွဲခြားထားသည့် ကျောင်းစာသင်နှစ်၏ အပိုင်းကာလ သာမန်အားဖြင့် မတ်လ မှ ဩဂုတ်လအထိ နှင့် စက်တင်ဘာလ မှ ဖေဖော်ဝါရီလအထိဟူ၍ အပိုင်း နှစ်ပိုင်း ခွဲထားပါသည် |
| 전학<br>(ပြောင်းရွှေ့ခြင်း) | ကျောင်းတစ်ကျောင်းမှ အခြားကျောင်းသို့ ပြောင်းရွှေ့ခြင်း |
| 학교생활기록부<br>(ကျောင်းမှတ်တမ်းများ) | မူလတန်း၊ အလယ်တန်း နှင့် အထက်တန်းကျောင်းများတွင်ကျောင်းသား၏ ကျောင်းသားဘဝအကြောင်း နှင့် ကိုယ်ခန္ဓာပိုင်း၊ စိတ်ပိုင်း၊ ထိရောက်မှု နှင့် လူမှုရေးရာဖွံ့ဖြိုးတိုးတက်မှုများအကြောင်း မှတ်သားထားသည့် စာရွက်စာတမ်းများ |
| 생활통지표<br>(ကျောင်းသား၏ အစီရင်ခံစာ) | အပိုင်းတစ်ပိုင်းပြီးဆုံးချိန်တွင် ဖြန့်ချိပေးသည့် ကျောင်းသား၏ ကျောင်းတွင် ခြုံငုံစွမ်းဆောင်နိုင်စွမ်း (ကျောင်းတက်ချိန်၊ ပညာရေးအောင်မြင်မှုများ စသည်ဖြင့်)အကြောင်းကို မှတ်ထားသည့် စာရွက်စာတမ်း။ |
| 출석인정결석<br>(ခွင့်ပြုချက်ရသော ပျက်ကွက်) | မိသားစုအတွင်း မင်္ဂလာဆောင်ခြင်း သို့မဟုတ် သေဆုံးခြင်းများ၊ နေထိုင်မကောင်းခြင်း သို့မဟုတ် ကူးစက်ရောဂါခံစားရချိန် သို့မဟုတ် မိသားစုနှင့် လေ့လာရေးခရီးသွားခြင်းများကြောင့် ခွင့်ပြုချက်ရသော ပျက်ကွက်မှု |
| 알림장<br>(အကြောင်းကြားစာများ) | အတန်းပိုင်ဆရာ သို့မဟုတ် ကျောင်းမှ အိမ်သို့ပေးပို့လိုက်သော မက်ဆေ့ချ်များ |
| 가정통신문<br>(ကျောင်းသတင်းစာ) | ကျောင်းမှ မိဘများထံ ပညာရေးဆိုင်ရာ လှုပ်ရှားမှုများ နှင့် သက်ဆိုင်သည့် အခမ်းအနားများအကြောင်း အချက်အလက်များပေးပို့သည့် သတင်းစာ |
| 주간학습 안내장<br>(အပတ်စဉ် သတင်းစာ) | အတန်းပိုင်ဆရာ မှပေးပို့သည် အချိန်စာရင်းများ၊ ပြင်ဆင်ရန်များ၊ အတန်းအခမ်းအနားများ သို့မဟုတ် သီတင်းပတ်အတွင်း လှုပ်ရှားမှုများအကြောင်းပါသည့် သတင်းစာ |
| 수행평가<br>(စွမ်းဆောင်ရည် ဆန်းစစ်ခြင်း) | ကျောင်းသား၏ စွမ်းဆောင်ရည်ကို ဆန်းစစ်သည့် နည်းလမ်းများ သို့မဟုတ် ကျောင်းသား၏ စွမ်းဆောင်ရည်ကို နည်းအမျိုးမျိုးသုံးပြီး ကျောင်းသား၏ ဗဟုသုတ၊ လုပ်ဆောင်ချက်များ နှင့် စိတ်နေစိတ်ထားများကို ဆန်းစစ်ခြင်း (အက်ဆေး၊ ဆွေးနွေးခြင်/ငြင်းခုံခြင်း၊ အတွေ့အကြုံ/ ဓာတ်ခွဲခန်းအတွေ့အကြုံ၊ စောင့်ကြည့်ခြင်း၊ |
| 개인정보활용동의서<br>(ပုဂ္ဂိုလ်ရေးအချက်အလက်များကို အသုံးပြုသူအတွက်ခွင့်ပြုသည့်ပုံစံ) | ကျောင်း၏လှုပ်ရှားမှုများတွင် ကျောင်းသား၏ ပုဂ္ဂိုလ်ရေးအချက်အလက်များကို အသုံးပြုရန်အတွက် မိဘများထံမှ ခွင့်ပြုချက်ကို ရယူသည့် စာရွက်စာတမ်း |
| 방과후교실<br>(ကျောင်းချိန်အပြီး အတန်း) | ပုံမှန်ကျောင်းချိန်ပြီးနောက်ပိုင်းတွင် ဖွင့်လှစ်ထားသည့် ပညာရေး သင်တန်းအမျိုးမျိုး |
| 건강검진<br>(ကျန်းမာရေး စစ်ဆေးခြင်း) | ကျောင်းကသတ်မှတ်ထားသည့် ဆေးရုံးများတွင် ရောဂါနှင့် ကာကွယ်နိုင်သည့် ရောဂါများရှိမရှိစစ်ဆေးပေးရန် ပထမတန်း နှင့် စတုတ္ထတန်းကျောင်းသားများကို စစ်ဆေးခြင်း |
| 구강검진<br>(သွား စစ်ဆေးခြင်း) | ကျောင်းကသတ်မှတ်ထားသည့် သွားဆေးခန်းများတွင် ဒုတိယတန်း၊ တတိယတန်း၊ ငါးတန်း နှင့် ဆဋ္ဌမတန်း ကျောင်းသားများကို သွားစစ်ဆေးခြင်း |
| 신체발달검사<br>(ကိုယ်ခန္ဓာဖွံ့ဖြိုးမှု စစ်ဆေးခြင်း) | ကျောင်းသားများ၏ အရပ် နှင့် ကိုယ်အလေးချိန်ကို တိုင်းတာခြင်းဖြင့် ကျောင်းသားများ၏ ကိုယ်ခန္ဓာဖွံ့ဖြိုးမှု အခြေအနေကို စစ်ဆေးခြင်း |
| 도서대출증<br>(စာကြည့်တိုက်ကဒ်) | ကျောင်းစာကြည့်တိုက်မှ စာအုပ်ငှားရန်အတွက် အသုံးပြုရသည့် ကဒ် |
| 학교운영위원회<br>(ကျောင်း အမှုဆောင် ကော်မတီ) | ကျောင်းလည်ပတ်မှု နှင့် ပညာရေး လှုပ်ရှားမှုများနှင့်ပတ်သက်ပြီး သုံးသပ်ခြင်းများနှင့် အကြံများပေးသည့် အဖွဲ့အစည်း ၄င်းကို ကျောင်းဌာန ကိုယ်စားလှယ်များ၊ မိဘ ကိုယ်စားလှယ်များ နှင့် ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းထားပါသည် |
| 학교전담경찰관<br>(ကျောင်းရဲ) | ကျောင်းသားများ နှင့်မိဘများအား ကျောင်းတွင်းအကြမ်းဖက်မှု ကာကွယ်ရေး ပညာရေးပေးခြင်း နှင့် ကျောင်းတွင်း အကြမ်းဖက်မှုကို ကာကွယ်ခြင်း နှင့် တားမြစ်ခြင်းများကို တာဝန်ခံလုပ်ဆောင်သည့် တာဝန်ခံရဲ |

# နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

## [မူလတန်းကျောင်းသားဘဝ နှင့်သက်ဆိုင်သော အသုံးအနှုန်းများ (ဥပမာများ)]

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 입학식 (ကျောင်းစတက်သည့်အခမ်းအနား) | ပထမတန်းကျောင်းသားများ ပထမဆုံးကျောင်းတက်ချိန်တွင် ပြုလုပ်သည့် အခမ်းအနား |
| 학급 인원선거 (အတန်းခေါင်းဆောင်ရွေးချယ်ခြင်း) | အတန်းကိုယ်စားလှယ်များ (အတန်းခေါင်းဆောင်၊ ဒုတိယ-ခေါင်းဆောင်)တို့ကို တစ်တန်းချင်းစီ၏မဲဖြင့် ရွေးချယ်ပါသည် |
| 전교어린이임원선거 (ကျောင်းသားအဖွဲ့ရွေးချယ်ခြင်း) | ကျောင်းကိုယ်စားလှယ်များ (ကျောင်းခေါင်းဆောင်၊ ဒုတိယ-ခေါင်းဆောင်)ကို ကျောင်းတစ်ခုလုံး(ကျောင်းသားများ)၏ မဲဖြင့် ရွေးချယ်ပါသည် |
| 현장체험학습 (လေ့လာရေးခရီးများ) | ကျောင်းစာသင်ခန်းပြင်ပတွင် အတွေ့အကြုံအခြေပြု လှုပ်ရှားမှုများဖြင့် ကလေးများအား ဗဟုသုတနှင့် အချက်အလက်များ ရစေမည့် သင်ယူမှု လှုပ်ရှားမှုများ |
| 교외체험학습 (ကျောင်းပြင်ပနေရာ) | ၎င်းသည် လေ့လာရေးခရီး၊ မတူညီသည့် ယဉ်ကျေးမှုများ သို့မဟုတ် အလုပ်အကိုင်အတွေ့အကြုံတို့ကို တိုက်ရိုက်အတွေ့အကြုံအားဖြင့် ခံစားခြင်း နှင့် တစ်ယောက်ချင်းစီ၏ စီမံကိန်းများကို ကျောင်းအုပ်ကြီး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သော အလုပ်အကိုင် အတွေ့အကြုံများမှ အတွေ့အကြုံရယူခြင်းလုပ်ငန်းဖြစ်ပါသည်။ (ဥပမာ ။ ။ လေ့လာသင်ယူရန် ယဉ်ကျေးမှုနေရာများသို့ သွားခြင်း၊သတ်မှတ်ထားသည့် လေ့လာမှုများ၊ မိသားစုလိုက် ခရီးသွားခြင်း၊ မိသားစုများထံ သွားရောက်ခြင်း၊ မိဘများအား သားသမီးဝတ္တရား ကျေပွန်ခြင်း စသည်ဖြင့်) |
| 운동회 (ကစားသည့်နေ့) | ကျောင်းသားများ အတူတကွစုစည်းပြီး အားကစားဂိမ်းအမျိုးမျိုးပြုလုပ်ကြခြင်း |
| 수학여행 (ကျောင်းခရီးများ) | အတွေ့အကြုံအခြေပြု သင်ယူမှုအတွက် သဘာဝ နှင့် ယဉ်ကျေးမှုများကို ခံစားနိုင်စေရန်အတွက် ဆရာများနှင့် အတူ ညအိပ်ခရီးထွက်ခြင်း |
| 야영수련활동 (စခန်းချခြင်း နှင့် လေ့ကျင့်ခြင်း လှုပ်ရှားမှု) | ကျောင်းသားများ၏ ကိုယ်ခန္ဓာ နှင့် စိတ်ကျန်းမာရေး နှင့် စိတ်နေစိတ်ထားများကို တိုးတက်စေသည့် သဘာဝ နေရာများဖြစ်သည့် တောင်ဘေး နှင့် ပင်လယ်ဘေးများတွင် လေဟာပြင်တွင် ပြုလုပ်သည့် လှုပ်ရှားမှုများ |
| 개교기념일 (ကျောင်း နှစ်ပတ်လည်) | ကျောင်းဖွင့်ခြင်း နှစ်ပတ်လည်အခမ်းအနားအနေဖြင့် တစ်နှစ်လျှင်တစ်ကြိမ် ပြုလုပ်သည့် ကျောင်းပိတ်ရက် |
| 재량휴업일 (သီးခြား အားလပ်ရက်) | ကျောင်း၏ သီးခြား ဆုံးဖြတ်ချက်ဖြင့် တစ်နေ့လုံး သို့မဟုတ် အချိန်ပိုင်း ပိတ်ခြင်း |
| 학부모 총회 (မိဘ စုံညီ ညီလာခံ) | ကျောင်း၏ ပညာရေးဆိုင်ရာ လှုပ်ရှားမှုများအကြောင်း အချက်အလက်များအသိပေးရန် နှင့် ကျောင်းလည်ပတ်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်များကို ဆွေးနွေးရန် (သင်ရိုးညွှန်းတမ်းများကို မိတ်ဆက်ခြင်း) မိဘများ စုစည်းတွေ့ဆုံခြင်း |
| 학부모 상담 (မိဘ-ဆရာ ညီလာခံ) | ဖြေရှင်းရန်လိုအပ်သည့် ကိစ္စရပ်များအတွက် မိဘများ နှင့် ဆရာများ ၁:၁ ချင်း တွေ့ဆုံခြင်း |
| 학부모 공개수업 (မိဘများ စာသင်ခန်းကို ) | စာသင်ခန်းများကို လေ့လာရန်အတွက် အတန်းများကို ဖွင့်ပေးထားသည့်နေ့ |
| 방학 (အားလပ်ရက်) | အပိုင်း သို့မဟုတ် ကျောင်းစာသင်နှစ်အပြီး အတန်းများ ပိတ်ခြင်း နွေရာသီ အားလပ်ရက် နှင့် ဆောင်းရာသီ အားလပ်ရက်များ ပါပါသည် (နွေရာသီ အားလပ်ရက်၊ ဆောင်းရာသီအားလပ်ရက်၊ နွေဦးအားလပ်ရက် စသည်ဖြင့်) |
| 개학식 (ကျောင်းပြန်တက်သည့်) | ကျောင်းတွင်အားလပ်ရက်ပြီးဆုံးခြင်း နှင့် ပုံမှန်အတန်းများပြန်လည်စတင်ခြင်းကို အသိအမှတ်ပြုသည့် အခမ်းအနား |
| 학예회 (ကျောင်း အနုပညာ ပွဲတော်) | ပညာရေးဆိုင်ရာ အခမ်းအနားဖြစ်ပြီးကျောင်းတွင် အနုပညာလက်ရာများကို ပြသခြင်း၊ တင်ဆက်ခြင်းများ |
| 종업식 (ကျောင်းပိတ် အခမ်းအနား) | ကျောင်း စာသင်နှစ်တစ်နှစ်ပြီးချိန်တွင် ပြုလုပ်သည့် အခမ်းအနား |
| 졸업식 (ကျောင်းဆင်းအခမ်းအနား) | ခြောက်နှစ်တာ မူလတန်းကျောင်းသင်တန်းကို ပြီးဆုံးပြီးနောက် ကျောင်းဆင်းအောင်လက်မှတ်များ ပေးအပ်သည့် အခမ်းအနား |

※ အသုံးအနှုန်းများသည် နေရာ နှင့် မူလကျောင်းပေါ်မူတည်ပြီး ကွဲပြားနိုင်ပါသည်။

# နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

## [အလယ်တန်း နှင့် အထက်တန်းကျောင်းသားဘဝ နှင့်သက်ဆိုင်သော အသုံးအနှုန်းများ (ဥပမာများ)]

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 교과<br>(ဘာသာရပ်) | ကျောင်းတွင် သင်ကြားပေးနေသည့် ဘာသာရပ် |
| 교과서<br>(ဖတ်စာအုပ်) | ဘာသာရပ်တစ်ခုစီအတွက် လေ့လာရမည့် ဖတ်စာအုပ် |
| 창의적 체험활동<br>(ဖန်တီးနိုင်သော အတွေ့အကြုံဆိုင်ရာ လှုပ်ရှားမ) | သင်ရိုးညွှန်းတမ်းပြင်ပ လှုပ်ရှားမှုများ။ အပိုင်းလေးပိုင်းဖြင့်ဖွဲ့စည်းထားပြီး စိတ်ကြိုက်လှုပ်ရှားမှုများ၊ ကလပ်လှုပ်ရှားမှုများ၊ လုပ်အားပေး လှုပ်ရှားမှုများ နှင့် အသက်မွေးဝမ်းကြောင်းလှုပ်ရှားမှုများတို့ဖြစ်ပါသည်။ |
| 학교학생기록부<br>(ကျောင်း အမှတ်စာရင်းများ) | ကျောင်းသား၏ အဆင့် နှင့် ကျောင်းသားဘဝ ခြုံငုံအသေးစိတ်အချက်အလက်များပါသည့် စာရွက်စာတမ်း |
| 내신<br>(ကျောင်းမှတ်တမ်းများ) | ကျောင်းရှိ ခြုံငုံမှတ်တမ်းများ (စာမေးပွဲရမှတ်များ၊ စွမ်းဆောင်နိုင်စွမ်း ဆန်းစစ်ချက်၊ စာမေးပွဲများ သည်ဖြင့်) |
| 수행평가<br>(စွမ်းဆောင်ရည် ဆန်းစစ်ခြင်း) | သာမန်အားဖြင့် အတန်းတိုင်းတွင် ဆန်းစစ်ပါသည်။ ဆန်းစစ်မှုနည်းလမ်းများသည် ဘာသာရပ်ပေါ်တွင်မူတည်ပြီး ကွဲပြားနိုင်ပါသည်။ ဆန်းစစ်မှုကို ရလဒ်အပေါ်တွင်သာမက လုပ်ဆောင်မှုပေါ်တွင်လည်း အခြေခံပါသည်။ |
| 실기<br>(လက်တွေ့ဆန်းစစ်မှု့) | ပန်းချီဆွဲခြင်း၊ ပုံဆွဲခြင်း၊ တူရိယာများ တီးခြင်း၊ အဝေးခုန်ခြင်း၊ ပြေးခြင်းစသည့် လှုပ်ရှားမှုများပါသည့် ဆန်းစစ်မှု ။ အနုပညာ၊ သီချင်း နှင့် ကိုယ်လက်လေ့ကျင့်ခန်း ပညာရေးကဲ့သို့သော အနုပညာ နှင့် ကိုယ်လက်လေ့ကျင့်ခန်း ပညာရေး ဘာသာရပ်များအတွက် |
| 영어듣기평가<br>(အင်္ဂလိပ် ဘာသာစကား နားထောင်နိုင်စွမ်း ဆန်းစစ်မှု့) | နိုင်ငံအဝှမ်းက မြို့နီစပယ် နှင့် ပြည်နယ်ပညာရေး ရုံး ၁၇ ခု ပူးပေါင်းကြီးကြပ်ပြီး ပြုလုပ်သည့် အင်္ဂလိပ်စာ သာသာစကား နားထောင်နိုင်စွမ်း ဆန်းစစ်မှု ဆန်းစစ်မှုကို တစ်နှစ်လျှင် နှစ်ကြိမ် ပြုလုပ်ပြီး ရလဒ်များသည် အင်္ဂလိပ်စာ စွမ်းဆောင်နိုင်စွမ်း ဆန်းစစ်မှုအပေါ်သက်ရောက်ပါသည်။ |
| 중간고사<br>(ပညာသင်နှစ်ဝက် စာမေးပွဲ့) | အပိုင်းတစ်ပိုင်း၏ အလယ်ရှိ ကျောင်းစာမေးပွဲ |
| 기밀고사<br>(နောက်ဆုံးစာမေးပွဲ့) | အပိုင်းတစ်ပိုင်းနောက်ဆုံးတွင် ကျင်းပသည့် ကျောင်းစာမေးပွဲ |
| 모의고사<br>(အစမ်း စာမေးပွဲ) | ကောလိပ်ဝင်ခွင့် စာမေးပွဲအတွက် ပြင်ဆင်သည့်အနေဖြင့် ဖြေဆိုရသည့် စာမေးပွဲ။ ကျောင်းမှတ်တမ်းများတွင် စာရင်းမဝင်ပါ။ |
| 정시<br>(တစ်ခါတစ်ရံ ကျောင်း လျှောက်ထားခြင်းများ) | ကောလိပ် ပညာရေးစွမ်းရည် စစ်ဆေးမှုမှ ဆင့်များနှင့် ဆန်းစစ်သည့် ကောလိပ်-ဝင်ခွင့် စာမေးပွဲ |
| 수시<br>(ပုံမှန် ကျောင်းလျှောက်ထားခြင်းများ) | အထက်တန်းကျောင်း ဂျီပီအေ နှင့် အထက်တန်းကျောင်း ခြုံငုံမှတ်တမ်းများနှင့် ဆန်းစစ်သည့် ကောလိပ်-ဝင်ခွင့် စာမေးပွဲ |
| 동아리(C.A)<br>(ကလပ် လှုပ်ရှားမှုများ (စီအေ)) | (C.A. : Club Activity) တူညီသော စိတ်ပါဝင်စားမှု ရှိသည့် ကျောင်းသားများအတွက် ကျောင်းမှ ပြုလုပ်ပေးသည့် လှုပ်ရှားမှုများ |
| 자율동아리<br>(စိတ်ကြိုက် ကလပ်) | တူညီသော စိတ်ပါဝင်စားမှု ရှိသည့် ကျောင်းသားများအတွက် ကျောင်းမှ သတ်မှတ်ထားသည့် အချိန်ပြင်ပတွင် ကျင်းပသည့် ကလပ်များ |

## နောက်ဆက်တွဲ ၂ ကျောင်းသားဘဝနှင့်ပတ်သက်သည့် အသုံးအနှုန်းများ

**[အလယ်တန်း နှင့် အထက်တန်းကျောင်းသားဘဝ နှင့်သက်ဆိုင်သော အသုံးအနှုန်းများ (ဥပမာများ)]**

| အသုံးအနှုန်းများ | ရှင်းလင်းချက် |
|---|---|
| 이동수업<br>(ရွှေ့လျားအတန်း) | ဆရာများက မရွှေ့ဘဲ ကျောင်းသားများက ဆရာရှိရာသို့ ပြောင်းရသည့် အတန်း(ဥပမာ၊ အနုပညာ၊ အင်္ဂလိပ်စာ၊ သင်္ချာ စသည်ဖြင့်) |
| 학급회의<br>(အတန်း အစည်းအဝေး) | ကျောင်းကသတ်မှတ်ထားသည့်အချိန်တွင် ပြုလုပ်သည့် အတန်းသားများ အစည်းအဝေး |
| 학생회<br>(ကျောင်းသားသမဂ္ဂ) | ကျောင်းသားကိုယ်စားလှယ်များစုရုံးပြီး သက်ဆိုင်ရာ ကိစ္စရပ်များကို ဆုံးဖြတ်အကောင်အထည်ဖော်ပြီး အထင်အမြင်များကို မျှဝေသော အဖွဲ့အစည်း သို့မဟုတ် အုပ်စု |
| 학부모총회<br>(မိဘ စုံညီ ညီလာခံ) | ကျောင်းလည်ပတ်မှုနှင့်သက်ဆိုင်သည့် ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် ကျောင်းသားများ၏ အုပ်ထိန်းသူများ အစည်းအဝေး |
| 방과후학교<br>(ကျောင်းချိန်အပြီး အတန်း) | အပိုစာသင်ချိန် ထပ်ယူလိုသော ကျောင်းသားများအတွက် တရားဝင်ကျောင်းချိန်နောက်ပိုင်းတွင် ဖွင့်သည့် အတန်းများ |
| 자기주도학습<br>(ကိုယ်တိုင်-စတင်သည့် လေ့လာမှု) | မိမိကိုယ်တိုင် လေ့လာခြင်း |
| 봉사활동<br>(လုပ်အားပေး လှုပ်ရှားမှု) | လူ့အသိုင်းအဝိုင်း သို့မဟုတ် အများပြည်သူအကျိုးအတွက် လုပ်အားပေးလိုသည့် ကျောင်းသားတစ်ယောက်ချင်းစီ သို့မဟုတ် ကျောင်းအုပ်စုများ |
| 현장체험학습<br>(လေ့လာရေးခရီးများ) | ကျောင်းသင်ရိုးညွှန်းတမ်းပါစီမံကိန်းအတိုင်း သင်ယူရန်အတွက်လိုအပ်သည့် ပစ္စည်းများဖြင့် အမှန်တကယ် အလုပ်ခွင်သို့ သွားရောက်လေ့လာပြီး ဗဟုသုတ နှင့် အချက်အလျက်များကို တိုက်ရိုက်သင်ယူသည့် လေ့လာရေးလှုပ်ရှားမှုများ (ဥပမာ။ ။ နွေ၊ နွေနှောင်းခရီး၊ ကျောင်းလေ့လာရေးခရီး၊ အလုပ်အတွေ့အကြုံ စသည်ဖြင့်) |
| 교외체험학습<br>(ကျောင်းပြင်ပနေရာ) | ၄င်းသည် လေ့လာရေးခရီး၊ မတူညီသည့် ယဉ်ကျေးမှုများကိုကို တိုက်ရိုက်အတွေ့အကြုံအားဖြင့် ခံစားခြင်း နှင့် တစ်ယောက်ချင်းစီ၏ စီမံကိန်းများကို ကျောင်းအုပ်ကြီး၏ ကြိုတင်ခွင့်ပြုချက်ဖြင့် လုပ်ဆောင်သော အလုပ်အတွေ့အကြုံများမှ အတွေ့အကြုံရယူခြင်းလုပ်ငန်းဖြစ်ပါသည်။ (ဥပမာ။ ။ လေ့လာသင်ယူရန် ယဉ်ကျေးမှုနေရာများသို့ သွားခြင်း၊ မိသားစုများထံ သွားရောက်ခြင်း၊ မိဘများအား သားသမီးဝတ္တရား ကျေပွန်ခြင်း စသည်ဖြင့်) |
| 재량휴업일<br>(တောင်းဆိုနိုင်သောအားလပ်ရက်) | အများသူငှာ အားလပ်ရက်မဟုတ်ဘဲ ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ဖြင့်ပေးသည့် အားလပ်ရက် |
| 자유학기제<br>(အခမဲ့ အပိုင်း အစီအစဉ်) | စာသင်နှစ်အလယ်ပိုင်း နှင့် နောက်ဆုံးပိုင်းမဟုတ်သည့် အလယ်တန်းကျောင်းသားများ ပါဝင်နိုင်သော ဆွေးနွေးပွဲ သို့မဟုတ် ဓာတ်ခွဲခန်း သို့မဟုတ် အလုပ်သင်အတွေ့အကြုံများပါသည့် စနစ် |
| 학교폭력<br>(ကျောင်းတွင်းအကြမ်းဖက်မှု) | ကျောင်းဝန်းအတွင်းတွင်ဖြစ်စေ၊ အပြင်တွင်ဖြစ်စေ ကျောင်းသားတစ်ယောက်အား ကိုယ်ခန္ဓာနှင့် စိတ်အနာတရဖြစ်အောင်ပြုလုပ်သည့် အကြမ်းဖက်မှု။ ၄င်းတွင် ရန်ဖြစ်ခြင်း၊ ထိုးနှက်ခြင်း၊ နှိပ်စက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဖျားယောင်းခြင်း၊ စော်ကားခြင်း၊ ရန်ပြုခြင်း၊ တိုက်ခိုက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ အတင်းအကြပ်စေခိုင်းခြင်း၊ |
| 주번(학급도우미)<br>(အပတ်စဉ် တာဝန်)(စာသင်ခန်း လက်ထောက်) | စာသင်ခန်းအဖွဲ့ဝင်များက ခန့်ထားပြီး တစ်ရက်ခန့် စာသင်ခန်းထဲတွင် လုပ်အားလာပေးသည့်သူ |

※ အသုံးအနှုန်းများသည် နေရာ နှင့် မူလကျောင်းပေါ်မူတည်ပြီး ကွဲပြားနိုင်ပါသည်။

## နောက်ဆက်တွဲ ၃ အေပိုစတီလီ ညီလာခံတွင် လက်မှတ်ထိုးထားသည့် နိုင်ငံများ

### [အေပိုစတီလီ ညီလာခံတွင် လက်မှတ်ရေးထိုးထားသည့် နိုင်ငံများ]

(၂၀၁၉ ခုနှစ်၊ ဇွန်လ ၂၃ ရက်တွင် ၁၁၈ နိုင်ငံသို့ဝင်ရောက်ခဲ့သည်)

| တိုက် | နိုင်ငံ ပါတီများ |
|---|---|
| အာရှ၊ သမုဒ္ဒရာများ (၁၉) | နယူးဇီလန်၊ နီယူ၊ မာရှယ်ကျွန်းများ၊ မာရီတီယပ်စ်၊ မွန်ဂိုးလီးယား၊ ဗန်နူတု၊ ဘရူနိုင်း၊ စမိုး၊ ဩစတြေးလျ၊ အိန္ဒိယ၊ ဂျပန်၊ တရုတ်နိုင်ငံ၏ တစ်စိတ်တစ်ပိုင်း (မကာအို၊ ဟောင်ကောင်)၊ ကွတ်ကျွန်းများ၊ တဂျီကီစတန်၊ တုန်ဂါ၊ ပလောင်၊ ဖီဂျီ၊ ဖိလစ်ပိုင် ၊ ကိုရီးယား |
| ဥရောပ (၅၂) | ဂရိ၊ နယ်သာလန်၊ နော်ဝေး၊ ဒိန်းမတ်၊ ဂျာမနီ၊ လက်ဗီးယား၊ ရုရှ၊ ရိုမေးနီးယား၊ လူဇင်ဘတ်၊ လီသူနီးယား၊ လီချန်စတိန်း၊ မက်ဆီဒိုးနား၊ မိုနာကို၊ မွန်တီနီဂရိုး၊ မိုဒိုဗာ၊ မယ်လ်တာ၊ ဘယ်လ်ဂျီယမ်၊ ဘီလာရုပ်၊ ဘော့စနီးယား-ဟာဇီဂိုဗီနာ၊ ဘူဂေးရီးယား၊ ဆန် မာရီနို၊ ဆားဘီးယား၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ စပိန်၊ ဆလိုဗက်ကီးယား၊ ဆလိုဗီးနီးယား၊ အာမေးနီးယား၊ အိုက်စ်လန်၊ အိုင်ယာလန်၊ အေဇာဘန်ဂျန်၊ အန်ဒိုရာ ၊ အယ်ဘန်နီးယား၊အက်စ်တိုးနီးယား၊ ယူနိုက်တက်ကင်းဒမ်၊ ဩစတြီးယား၊ ဥဘတ်ကီစတန်၊ ယူကရိန်း၊ အီတလီ၊ ဂျော်ဂျီယာ၊ ချက်သမ္မတနိုင်ငံ၊ ကာဇစ်စတန်၊ ကိုဆိုဗို ၊ ခရိုအေးရှား၊ ကာဂျစ္စတန်၊ ဆိုက်ပရပ်၊ တူရကီ၊ ပေါ်တူဂီ၊ ပိုလန်၊ ပြင်သစ်၊ ဖင်လန်၊ ဟန်ဂေရီ |
| မြောက်အမေရိက (၁) | အမေရိက(ဂူအမ်၊ Maury ကျွန်းများ၊ Saipan နှင့် Puerto Rico တို့ပါဝင်သည်) |
| အလယ် နှင့် တောင် အမေရိက (၃၀) | ဂိုင်ယာနာ၊ ဂွာတာမာတာ၊ ဂရန်နာဒါ၊ နီကာရာဂွေး၊ ဒိုမီနီကာ၊ ဒိုမီနီကန် ရီပတ်ပလစ်၊ မက္ကဆီကို၊ ဘာဘာဒို၊ ဘဟားမား၊ ဗင်နီဇွဲလား၊ ဘီလီဇီ၊ ဘိုလီးဗီးယား၊ ဘရာဇီး၊ စိန့် ဗင့်ဆင့်၊ စိန့်လူကာ၊ စိန့်ကစ် နှင့် နီဗစ်၊ ဆူရီနိမ်း၊ အာဂျင်တီးနား၊ အန်တီဂု နှင့် ဘာဗျူဒါ၊ အီကွေဒေါ၊ အယ်လ်ဆယ်လ်ဗီဒါ၊ ဟွန်ဒူးရပ်စ်၊ ဥရုဂွေး၊ ချီလီ၊ ကိုစတာရီကာ၊ ကိုလမ်ဘီယာ၊ ထရိုင်နီဒက် နှင့် တိုဘဂို၊ ပနားမား၊ ပီရူး၊ ပါရာဂွေး၊ |
| အာဖရိက (၁၁) | နမ်မီဘီးယား၊ လိုင်ဘားရီးယား၊ လီဆိုသို၊ မာလာဝီ၊ ဘော့ဝါနာ၊ ဆမ်တိုမီ နှင့် ပရင်စီပီ၊ ဆေချီလီ တောင်အာဖရိက၊ အက်စ်ဝက်တီနီ (ယခင် ဆွာဆီလန်)၊ ကိတ် ဗာဒီ၊ ဘူရန်ဒီ၊ တူနီးရှား |
| အရှေ့အလယ်ပိုင်း (၄) | မိုရိုကို၊ ဘာရိန်း၊ အိုမန်၊ အစ္စရေး |
| စုစုပေါင်း | ၁၁၈ နိုင်ငံ |

※ ရင်းမြစ်: Apostille က်ဘ်ဆိုက်(www.apostille.go.kr)

※ အေပိုဆီလီ ညီလာခံဝင် နိုင်ငံများ၏ နောက်ဆုံးအခြေအနေကို နိုင်ငံခြားရေး ဝန်ကြီးဌာန (www.0404.go.kr) ပင်မမန်နျူး → [အတိုင်ပင်ခံ ဝန်ဆောင်မှု/ဗီဇာ] → [အတိုင်ပင်ခံ ဝန်ဆောင်မှုများ]၏ လုံခြုံစွာ နိုင်ငံခြားခရီးသွားခြင်း ဝက်ဘ်ဆိုက်ဒ်ပေါ်တွင် ကြည့်နိုင်ပါသည်။

ရင်းမြစ်: 2020-85

## ၂၀၂၀ ခုနှစ် ကျောင်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အကြောင်း လမ်းညွှန် ပေါင်းစပ် ယဉ်ကျေးမှု မိသားစုမှ မိဘများအတွက်

# သင့်ကလေးကို ကျောင်းတက်ရန် စာရင်းသွင်းခြင်း



| | |
|---|---|
| **ထုတ်ဝေသည့်နေ့စွဲ** | ဒီဇင်ဘာလ 2020 ခုနှစ် |
| **ထုတ်ဝေသူ** | Ledger Mr. Yun, Yeo Kak |
| **ထုတ်ပေးသူ** | တစ်သက်တာပညာရေးမြှင့်တင်ရေး အတွက်အမျိုးသားအင်စတီကျူ |
| **လိပ်စာ** | 14, Cheonggyecheon-ro, Jung-gu, Seoul, Republic of Korea |
| **ဖုန်း** | 02-3780-9784 |
| **ဖက်စ်** | 02-3780-9959 |
| **ဝဘ်ဆိုက်** | www.edu4mc.or.kr |
| **ဒီဇိုင်း၊ ပုံနှိပ်ခြင်း** | K&C Garam Co., Ltd. 02-2279-7857 |

※ ဤစာအုပ်မှာ ပညာရေးဝန်ကြီးဌာနနှင့် တစ်သက်တာ ပညာရေး ဌာနအောက်မှ ၂၀၂၀ ယဉ်ကျေးမှုဆိုင်ရာ ကလေးသူငယ်များ သင်ကြားပြသပေးခြင်း စီမံချက် 『ယဉ်ကျေးမှုပေါင်းစုံမိသားစုမိသားစုကလေးများကျောင်းလွှဲပြောင်းလမ်းညွှန်မှု စီမံကိန်း』 တစ်ရပ်အနေဖြင့် ထုတ်ဝေခဲ့ပါသည်။ စာအုပ်ပါ အချက်အလက်များ မူပိုင်ခွင့်အား ပညာရေးဝန်ကြီးဌာနနှင့် တစ်သက်တာ ပညာရေး ဌာနနှင့် ဆက်စပ်သော ပြည်နယ် အဖွဲ့အစည်း ၁၇ခုအား ပေးအပ်ထားပါသည်။

၂၀၂၀ ခုနှစ် ကျောင်းလျှောက်ထားခြင်းလုပ်ငန်းစဉ်အကြောင်း လမ်းညွှန်

ပေါင်းစပ် ယဉ်ကျေးမှု မိသားစုမှ မိဘများအတွက်

# သင့်ကလေးကို ကျောင်းတက်ရန် စာရင်းသွင်းခြင်း


교육부

국가평생교육진흥원

중앙다문화교육센터


ဆိုးလ်မြို့နယ် ပညာရေးရုံး

ဂွမ်ဂျူ မြို့နယ် ပညာရေးရုံး

ဂယောင်ဂီဒို ပြည်နယ် ပညာရေးရုံး

ဂျိုလာဘုဂ် ပြည်နယ် ပညာရေးရုံး

ဂျယ်ဂျူ အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ပညာရေးရုံး

ဘူဆန် မြို့နယ် ပညာရေးရုံး

ဒယ်ဂျွန်း မြို့နယ် ပညာရေးရုံး

ဂမ်ဝမ် ပြည်နယ် ပညာရေးရုံး

ဂျိုလာနန်ပြည်နယ် ပညာရေးရုံး

ဒယ်ဂူးလ် ပညာရေးရုံး

အူဆန် မြို့နယ် ပညာရေးရုံး

ချုန်ချောင်ဘုဂ် ပြည်နယ် ပညာရေးရုံး

ဂယောင်ဆန်ဘုဂ် ပြည်နယ် ပညာရေးရုံး

အင်ချွန်း မြို့နယ် ပညာရေးရုံး

ဆဲလ်ဂျွန်း အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရပြည်နယ်ပညာရေးရုံး

ချုန်ချောင်နန် ပြည်နယ် ပညာရေးရုံး

ဂယောင်ဆန်နန် ပြည်နယ် ပညာရေးရုံး